# ကြေးမုံ
**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ဂုဏ်တော်ထူးနှင့်ပြည့်စုံတော်မူ**

မြတ်စွာဘုရားသည် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ အလွန်ချမ်းသာစွာ အသက်မွေးနိုင်ကုန်၏။ ဆွမ်းအာဟာရ မရသော်လည်း အာဘဿရဘုံရှိ ဗြဟ္မာကြီးများကဲ့သို့ ပီတိဟူသောအစာကို စားသုံး၍နေနိုင်ကုန်၏။ (ထိုသို့ ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရားအား ရည်မှန်း၍ ပူဇော်ကန်တော့ရာ၏)

သုခဝဂ်(ဓမ္မပဒ-၂၀၀)


၁၃၇၉ ခုနှစ် ပြာသိုလပြည့်ကျော် ၉ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 10 January 2018 ၉၁၆၅


# စီမံကိန်းတွေ ရေးဆွဲရာမှာ ပြည်သူတွေအတွက် လတ်တလော လိုအပ်ချက်နဲ့ တိုင်းပြည် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ခွဲခြားရှုမြင် ကဏ္ဍအလိုက်၊ ဒေသအလိုက် လတ်တလောဖြည့်ဆည်းပေးရမယ့် လိုအပ်ချက်တွေကို ဘတ်ဂျက်အတွင်း အထိရောက်ဆုံး ပေါင်းစပ်ရေးဆွဲ

နေပြည်တော် ဇန်နဝါရီ ၉

အမျိုးသားစီမံကိန်းကော်မရှင်(၁/၂၀၁၈)အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက် အမှာစကား ပြောကြားသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❖



အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးထင်ကျော် အမျိုးသားစီမံကိန်းကော်မရှင်(၁/၂၀၁၈)အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

## ရရှိပိုင်ဆိုင်ထားသည့် အခြေခံကောင်းများကို အမိအရဆုပ်ကိုင်ပြီး ကချင်ပြည်နယ် တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်

## နိုင်ငံတော်သမ္မတ ဦးထင်ကျော် နှစ်(၇၀)ပြည့် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

**၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်**

**ချစ်ကြည်လေးစားအပ်ပါသော ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား-**

ယနေ့ ဇန်နဝါရီလ ၁၀ ရက်နေ့မှာ ကျရောက်တဲ့ နှစ်(၇၀)ပြည့် ကချင်ပြည်နယ်နေ့ဖြစ်တဲ့ ဒီနေ့ထူးနေ့မြတ်အခါသမယသည် ကချင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ နေ့ထူးနေ့မြတ်အဖြစ် အသိအမှတ်ပြုထားသည့် ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့ ကချင်ပြည်နယ်နေ့ဖြစ်ပါတယ်။ ဒီနေ့ထူးနေ့မြတ်မှာ ကချင်တိုင်းရင်းသားများနဲ့ တကွ ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး မင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီး ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့မှာ ကချင်ပြည်နယ်ကောင်စီညီလာခံရဲ့ ပထမဆုံးအစည်းအဝေး ကျင်းပခဲ့ပြီး ကချင်ပြည်နယ်ကောင်စီအစည်းအဝေးက ကချင်ပြည်နယ်အစိုးရအဖွဲ့ ဖွဲ့စည်းခဲ့ခြင်းကို ဂုဏ်ပြုတဲ့အနေနဲ့ ဇန်နဝါရီလ ၁၀ ရက်နေ့ကို "ကချင်ပြည်နယ်နေ့"အဖြစ် သတ်မှတ်ပြဋ္ဌာန်းခဲ့ပြီး နှစ်စဉ်ကျင်းပခဲ့တာ ဒီနေ့မှာဆိုရင် နှစ်(၇၀)ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါတယ်။

ကချင်ပြည်နယ်မှာ ခရိုင် (၄) ခရိုင်၊ မြို့နယ် (၁၈)မြို့နယ်၊ မြို့ (၃၀)မြို့ ပါဝင်ပြီး ဂျိန်းဖော့၊ ရဝမ်၊ လီဆူ၊ လာချိတ်၊ လော်ဝေါ်၊ ဇိုင်ဝါး စတဲ့ ကချင်မျိုးနွယ်စုများ၊ တိုင်းလေ၊ တိုင်းလိုင်၊ တိုင်းလုံ၊ တိုင်းဆာ၊ တိုင်းခန္တီး စတဲ့ ရှမ်းမျိုးနွယ်စုများနဲ့ ဗမာတိုင်းရင်းသားမျိုးနွယ်စုများအပြင်

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ○




# ကြေးမုံ

## ဘက်စုံတိုးတက် ဗလငါးတန်ဖွံ့ဖြိုး နိုင်ငံ့အကျိုး

ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ(ရန်ကုန်)ကို ရန်ကုန်မြို့တွင် သုံးရက်တိုင်တိုင် ကျင်းပခဲ့သည်။ ကလေးစာပေပွဲတော်ကို ယခင်ကလည်းကျင်းပခဲ့ပြီး ယခုအခါ ရန်ကုန်မြို့နှင့်အတူ အနယ်နယ်အရပ်ရပ်တွင် ကျင်းပနေသည်ကို တွေ့ရသည်။ ရန်ကုန်မြို့တွင် ယခုကျင်းပခဲ့သည့် ကလေးစာပေပွဲတော် ပထမနေ့တွင် လာရောက်ကြည့်ရှုလေ့လာသူပေါင်းရှစ်သောင်းခန့်ရှိပြီး ဒုတိယနေ့တွင် ပိုမိုစည်ကားသက်ဝင်လာခဲ့သည်။ ဒုတိယနေ့နှင့်တတိယနေ့တို့တွင် လာရောက်ကြည့်ရှုလေ့လာကြသူများမှာ ကိုးသောင်းကျော်စီရှိခဲ့သည်။

ကလေးစာပေပွဲတော်သို့ ကျောင်းသား ကျောင်းသူနှင့် ပြည်သူ သုံးသိန်းခန့် လာရောက်လေ့လာကြည့်ရှုခဲ့ကြပြီး ပြိုင်ပွဲမျိုးစုံတွင် ပါဝင်ယှဉ်ပြိုင်ကြသူ ကလေးသူငယ် စုစုပေါင်း ၅၆၀၀၀ ကျော် ရှိသည်ကို အားရဖွယ် မြင်တွေ့ခဲ့ရသည်။ မျက်မှောက်ကာလ လူမှုဘဝတိုးတက်ပြောင်းလဲဖြစ်ပေါ် နေသောအခါတွင် ကလေးသူငယ်များအပါအဝင် ပြည်သူအများ စာအုပ် စာပေတို့အပေါ်၌ စိတ်ဝင်စားမှုလျော့ကျခဲ့သည်။ ကလေးသူငယ်များ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်နေသောယနေ့အချိန်တွင် ယခုကဲ့သို့ ကလေးစာပေပွဲတော်များ ကျင်းပပေးခြင်းအားဖြင့် ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ကောင်းများဖြစ်ခဲ့သည်မှာ သေချာပါသည်။

ယနေ့မျက်မှောက်ကာလတွင် ပြည်သူအများစုမှာ တိုးတက်ဖြစ်ထွန်းလာသောနည်းပညာသစ်အရ လူမှုကွန်ရက်စာမျက်နှာများကိုသာ နေ့စဉ်အသုံးပြုနေကြသည်။ စာအုပ်စာပေဖတ်ရှုသည့်အလေ့အထ၊ စာအုပ်စာပေဝယ်ယူလိုသည့်ဆန္ဒ လျော့နည်းကျဆင်းနေချိန်တွင် စာအုပ်စာပေနှင့် စာပေပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးခြင်းသည် စာပေအပေါ်တွင် ပြန်လည်စိတ်ဝင်စားလာနိုင်သည့် အားသာချက်များဖြစ်လာသည်ကို ယခုကျင်းပနေသော ကလေးစာပေပွဲတော်များ၊ စာပေပွဲတော်များတွင် ပြည်သူအများ စိတ်ပါဝင်စားစွာဖြင့် လာရောက်လေ့လာကြည့်ရှုကြသည့်မြင်ကွင်းများက သက်သေပြနေပါသည်။

ယနေ့လူငယ်များသည် အနာဂတ်တိုင်းပြည်အတွက် အားထားရမည့် သားကောင်းရတနာများဖြစ်၍ ယနေ့လူငယ်လူရွယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအစီအမံများကို အရပ်သားအစိုးရလက်ထက်တွင် ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်သည်ကို တွေ့ရသည်။ အနာဂတ်ကို ပခုံးပြောင်းတာဝန်ယူမည့်သူများမှာ ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် လူငယ်လူရွယ်များဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က အနာဂတ်တိုင်းပြည်၏ အခန်းကဏ္ဍအားလုံး၌ လူငယ်များ၏ ဦးဆောင်မှုစွမ်းရည်မြှင့်တင်နိုင်ရေးအတွက် လိုအပ်သော အရည်အသွေးပြည့်မီသည့် ပညာသင်ယူရေးအခွင့်အလမ်းများ ဖော်ထုတ်ပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံ လူငယ်ရေးရာမူဝါဒကို မိတ်ဆက်ဖြန့်ချိပေးခဲ့ပြီးဖြစ်သည်။

လူငယ်ရေးရာမူဝါဒတွင်ပါဝင်သည့် အချက်များအား အောင်မြင်အောင် ဆောင်ရွက်ရာ၌ ကလေးများ၊ လူငယ်များ စာအုပ်စာပေကို များများဖတ်ရှုလေ့လာပြီး ဗဟုသုတများတိုးပွား၍ အရည်အချင်းများပြည့်ဝလာခြင်းသည် လူငယ်မူဝါဒ၏ အရေးကြီးသော အချက်တစ်ခုဖြစ်သည်။ ထို့ကြောင့် ယခုကဲ့သို့ ကလေးစာပေပွဲတော်များ ကျင်းပခြင်းသည် လူငယ်မူဝါဒအောင်မြင်ရေးအတွက် အထောက်အပံ့ကောင်းတစ်ခုဖြစ်သဖြင့် ကလေးစာပေပွဲတော်များ တိုးပွားများပြားအောင်မြင်ဖြစ်ထွန်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ယနေ့လူငယ်များ အရည်အသွေး၊ အရည်အချင်းပြည့်ဝသည့် လူလတ်၊ လူကြီးများဖြစ်ပေါ်လာအောင် ဆောင်ရွက်ရာ၌ စာဖတ်ခြင်း အလေ့အထကို ဖန်တီးပေးသော ကလေးစာပေပွဲတော်၊ စာပေပွဲတော်များသည် တွန်းအားတစ်ရပ်ဖြစ်သည်။ ကျင်းပပြုလုပ်ခဲ့၊ ပြုလုပ်ဆဲဖြစ်သည့် ကလေးစာပေပွဲတော်၊ စာပေပွဲများအား သာမန်အားဖြင့်ကြည့်လျှင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အရပ်ဒေသတစ်ခုတွင်ပြုလုပ်သည့် စာပေလှုပ်ရှားမှုတစ်ခုအဖြစ်သာ မှတ်ယူနိုင်သော်လည်း နိုင်ငံ့အနာဂတ်အတွက် အရေးကြီးသည့် ခိုင်မာတောင့်တင်းသော အခြေခံအုတ်မြစ်များဖြစ်သည်ကို မြင်တွေ့လာကြပြီဖြစ်သည်။

သို့ဖြစ်ရာ ယနေ့ကလေးစာပေပွဲတော်များတွင် တက်ကြွစွာပါဝင်ခဲ့ကြသည့် လူငယ်လူရွယ်များသည် အနာဂတ်နိုင်ငံတော်ကို ပခုံးပြောင်းတာဝန်ယူကြမည့်သူများ ဖြစ်လာနိုင်ပေရာ ကောင်းမွန်မှန်ကန်သည့် အတွေးအခေါ်၊ အသိပညာများ ဆက်လက်တိုးပွားစေရေး စာပေဖြင့် ဝိုင်းဝန်းတည်ဆောက်ကြရန် တိုက်တွန်းပါသည်။ ။

## အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အကြိုညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇန်နဝါရီ ၉**

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေး(၁/၂၀၁၈)အတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၈ ရက်တွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ယခုအခါ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် အဖွဲ့အစည်းပုံစံဖြင့် စနစ်တကျ ဆောင်ရွက်သွားနိုင်ရန် ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်သော SMEs ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေနှင့်အညီ အေဂျင်စီနှင့်အဖွဲ့အစည်းများကို မကြာမီက ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ ယခုအစည်းအဝေးတွင် SMEs ဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့များ၏ ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်နှင့် အဖွဲ့များတွင် ပါဝင်မည့် ပညာရှင်များနှင့် ကျွမ်းကျင်သူအဖွဲ့ဝင်များ၏ စရိတ်နှင့် ခံစားခွင့်များကို လုပ်ငန်းကော်မတီအစည်းအဝေး (၁/၂၀၁၈)တွင် တင်ပြနိုင်ရေးအတွက် တိတိကျကျ သတ်မှတ်ပေးနိုင်ရေး ညှိနှိုင်းဆွေးနွေးပေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသူများက အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့၊ SMEs ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၊ SMEs ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့များ ဖွဲ့စည်းထားရှိမှုအခြေအနေ၊ လုပ်ငန်းတာဝန်များနှင့် ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများ၊ အေဂျင်စီနှင့် အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရာတွင် ရည်မှန်းချက်များ ထိရောက် အောင်မြင်စေရေးအတွက် တာဝန်ဝတ္တရားများကို တိတိကျကျ သတ်မှတ်ရန်နှင့် အချိတ်အဆက်မိမိ ဆောင်ရွက် သွားနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြသည်။

SMEs ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို ပြည်ထောင်စုအဆင့် ၁၉ ဦး၊ ပုဂ္ဂလိကကဏ္ဍမှ အသိပညာရှင်၊ အတတ်ပညာရှင် ငါးဦးအပါအဝင် စုစုပေါင်းအဖွဲ့ဝင် ၂၄ ဦးတို့ ပါဝင်ဖွဲ့စည်းထားရှိပြီး လုပ်ငန်းကော်မတီကို ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ် ၃၂ ဦး၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ SMEs လုပ်ငန်းများအား လက်တွေ့ ဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂိုလ်ရှစ်ဦး စုစုပေါင်းအဖွဲ့ဝင် ၄၀ ဖြင့် ဖွဲ့စည်းထားရှိခဲ့ကြောင်း သိရသည်။

ပထမအကြိမ် လုပ်ငန်းကော်မတီ အစည်းအဝေး ပြုလုပ်ခဲ့ပြီးနောက် SMEs ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေများကို မြန်မာ့စီးပွားရေးဘဏ်များတွင် စတင်ထုတ်ချေးပေးနေပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲကျင်းပ

**တနင်္သာရီ ဇန်နဝါရီ ၉**

၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွင်း တနင်္သာရီမြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်နှင့် ထူးချွန်စွာ ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို တနင်္သာရီမြို့နယ် အခြေခံပညာအထက်တန်းကျောင်း မြက်ခင်းပြင်ယာယီမဏ္ဍပ်၌ ဇန်နဝါရီ ၈ ရက် ည ၈ နာရီမှ ၁၁ နာရီအထိ ကျင်းပသည်။




တနင်္သာရီမြို့ အခြေခံပညာအထက်တန်းကျောင်းသား ကျောင်းသူများက စုံညီပွဲတော်တို့နွဲ့ပျော် တေးသီချင်းဖြင့် သရုပ်ဖော်ဖွင့်လှစ်ပေးပြီး မြို့နယ်ပညာရေးမှူး ဦးကျော်ရှိန်က ကလေးဗဟိုပြုပညာရေးဌာန၏ ရည်မှန်းချက်များနှင့် စုံညီပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်အတွင်း ကာယ၊ ဉာဏ၊ စာရိတ္တကဏ္ဍအသီးသီးတွင် ထူးချွန်စွာဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လင်းအောင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြပြီး ကျောင်းသား ကျောင်းသူများက ဖျော်ဖြေရေးအစီအစဉ်များဖြင့် ကပြဖျော်ဖြေခဲ့ကြသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၉**

ရန်ကုန်(ရွှေဈေး) ၆၃၇၀၀၀ - ၆၃၇၀၀၀ မန္တလေး(ရွှေဈေး) ၆၃၇၀၀၀ - ၆၃၇၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၇၉၅/၈၁၅ ကျပ်၊ | ၈၅၀/၈၆၀ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၈၃၅/၈၄၅ ကျပ်၊ | ၉၂၀/၉၃၅ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၇၉၀/၈၀၀ ကျပ်၊ | ၈၈၀/၈၈၅ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၁၅/၈၃၀ ကျပ်၊ | ၈၇၅/၈၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၉၀/၇၉၇ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၀၀/၈၀၅ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၇၇၅/၇၉၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၁၅. ၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၇. ၇၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၁. ၉၁၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၃၇. ၇၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၂၆၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၉၃. ၆ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၆. ၃၅ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၈. ၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၃. ၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

themirror.npt@gmail.com
www.facebook.com/themirrordaily

# ခြောက်လတာကာလ ဘတ်ဂျက်မှာ တိုတောင်းသည့်အတွက် ရငွေအပေါ်မူတည်ပြီး အသုံးစရိတ်များကို သုံးစွဲရမည်ဖြစ်

## နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဘဏ္ဍာရေးကော်မရှင် အစည်းအဝေး (၁/၂၀၁၈)သို့ တက်ရောက် လမ်းညွှန်အမှာစကားပြောကြား



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဘဏ္ဍာရေးကော်မရှင်အစည်းအဝေး (၁/၂၀၁၈)သို့ တက်ရောက် လမ်းညွှန်အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၉**

ဘဏ္ဍာရေးကော်မရှင် (၁/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက် လမ်းညွှန်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဘဏ္ဍာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ တက်ရောက်ကြသည်။

**ဆွေးနွေးအတည်ပြု**

အစည်းအဝေးတွင် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ယနေ့ပြုလုပ်သည့် ဘဏ္ဍာရေးကော်မရှင်(၁/၂၀၁၈)ကြိမ်မြောက် အစည်းအဝေးတွင် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ပြည်ထောင်စု၏အရ အသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ဆွေးနွေးအတည်ပြုကြရန်ဖြစ်ပါကြောင်း။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂၁ တွင် "ပြည်ထောင်စုအစိုးရသည် ဘဏ္ဍာရေးကော်မရှင်နှင့် ညှိနှိုင်းရရှိသည့် ပြည်ထောင်စု၏ နှစ်စဉ် အရ အသုံးခန့်မှန်းခြေငွေစာရင်းကို အခြေပြုလျက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကိုရေးဆွဲ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းအတည်ပြုချက်ရယူရမည်"ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ယင်းပြဋ္ဌာန်းချက်နှင့်အညီ ဘဏ္ဍာရေးကော်မရှင်အနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသည့် "၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်း"ကို ထောက်ခံတင်ပြပေးရန်ဖြစ်ပါကြောင်း။

**သီးခြားရေးဆွဲဆောင်ရွက်**

မြန်မာနိုင်ငံတွင် ဘဏ္ဍာရေးနှစ်ကို ဧပြီ ၁ ရက်မှ မတ် ၃၁ ရက်အထိ သတ်မှတ်ခဲ့ရာမှ ၂၀၁၈ -၂၀၁၉ ဘဏ္ဍာရေးနှစ်မှစပြီး အောက်တိုဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ပြောင်းလဲပြင်ဆင် သတ်မှတ်မည်ဖြစ်သည့်အတွက် ကူးပြောင်းချိန်ကာလဖြစ်သည့် ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ခြောက်လတာကာလအတွက် ဌာန၊ အဖွဲ့အစည်းများ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းကို ယခုလို သီးခြားရေးဆွဲ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း။

**ခြောက်လတာကာလအတွက်**

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ဘတ်ဂျက်သည် ခြောက်လတာကာလအတွက်သာဖြစ်သည့်အတွက် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများကို ပုံမှန်ဘတ်ဂျက်ကဲ့သို့ နှစ်လတ်ဘဏ္ဍာရေးမူဘောင် (Medium Term Fiscal Framework)အရ အသုံးစရိတ်ဘောင်များ သတ်မှတ်ပေးခြင်းမရှိဘဲ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများကို ခြောက်လတာကာလအတွက် ရရှိမည့် ရငွေများ၊ သုံးစွဲမည့် အသုံးစရိတ်များကို ခန့်မှန်းရေးဆွဲပြီး တင်ပြစေခဲ့ပါကြောင်း၊ ဌာန၊ အဖွဲ့အစည်းများကလည်း ခြောက်လအတွင်းတွင် ရှာဖွေနိုင်မည့် ရငွေ၊ သုံးစွဲနိုင်မည့် အသုံးစရိတ်တို့ကို တင်ပြခဲ့ကြပြီး အဆင့်ဆင့် စိစစ်ရာတွင်လည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပထမ ခြောက်လတာကာလအတွင်း အမှန်ရရှိခဲ့သည့် ရငွေများ၊ အမှန်သုံးစွဲခဲ့သည့် အသုံးစရိတ်များအပေါ် အခြေခံပြီး စိစစ်ခဲ့ခြင်းဖြစ်ပါကြောင်း။

အသုံးစရိတ်များ တင်ပြတောင်းခံမှုနှင့်ပတ်သက်ပြီး သာမန်အသုံးစရိတ်အပိုင်းတွင် ဝန်ထမ်းသစ်ခန့်ထားခြင်းများကို လာမည့်နှစ်၏ ခြောက်လတာကာလအတွင်း အမှန်တကယ် ခန့်ထားနိုင်မည့် ကာလအပိုင်းအခြားအတွက်သာ တင်ပြတောင်းခံရမည်ဖြစ်ပါကြောင်း၊ စက်ကိရိယာ၊ မော်တော်ယာဉ်နှင့် အဆောက်အအုံ ပြင်ဆင်ခြင်းများကိုလည်း ခြောက်လတာကာလအတွင်း ပြီးစီးနိုင်သည့် ကိစ္စများအတွက်သာ တောင်းခံရမည်ဖြစ်ပါကြောင်း။

**တတ်နိုင်သမျှ လျှော့ချ**

ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ဆောင်ရွက်ဆဲ တည်ဆောက်ရေးလုပ်ငန်းများ၊ ခြောက်လတာကာလအတွင်း ပြီးစီးနိုင်မည့် လုပ်ငန်းများကိုသာ တောင်းခံကြရမည်ဖြစ်ပြီး ခြောက်လတာကာလ ဘတ်ဂျက်အတွင်း ရှေ့ပိုင်းနှစ်လသာ နွေရာသီဖြစ်ပြီး ကျန်လေးလသည် မိုးရာသီဖြစ်သည့်အတွက် လုပ်ငန်းသဘာဝအရ လုပ်ငန်းသစ်များ ဆောင်ရွက်ရန်အတွက် ကာလအပိုင်းအခြားအားဖြင့် အချိန်လုံလောက်မှု မရှိနိုင်ခြင်းကြောင့် တတ်နိုင်သမျှ လုပ်ငန်းသစ်များကို တင်ပြတောင်းခံခြင်း မပြုကြရန်ဖြစ်ပါကြောင်း၊ စက်ပစ္စည်းဝယ်ယူမှုတွင်လည်း ခြောက်လတာကာလအတွင်း ဝယ်ယူနိုင်မည့် ပစ္စည်းများအတွက်သာ တင်ပြတောင်းခံရမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းကျပ်ငွေနှင့် ဝယ်ယူနိုင်သည့် ပစ္စည်းများကို ပြည်တွင်းကျပ်ငွေဖြင့်သာ ဝယ်ယူပြီး နိုင်ငံခြားသုံးငွေသုံးစွဲမှုကိုလည်း တတ်နိုင်သမျှ လျှော့ချရန် လိုအပ်ပါကြောင်း။

ပြည်ထောင်စုက တိုင်းဒေသကြီး၊ ပြည်နယ်များကို လိုငွေဖြည့်ဆည်းပေးရာတွင်လည်း ခြောက်လတာကာလ ဘတ်ဂျက်ဖြစ်သည့်အတွက် မေခရိုစီးပွားရေးညွှန်းကိန်းများကို အသုံးပြုပြီး တွက်ချက်ခြင်းမပြုဘဲ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၏ ပြည်ထောင်စုမှ တိုင်းဒေသကြီး၊ ပြည်နယ်များကို ထောက်ပံ့ပေးခဲ့သည့် ပမာဏ ၏ ၅၀ ရာခိုင်နှုန်းကို ထောက်ပံ့ငွေအဖြစ် သတ်မှတ်ပေးမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်ထောင်စုက တိုင်းဒေသကြီး၊ ပြည်နယ်များကို ဖြည့်ဆည်းပေးသည့် ထောက်ပံ့ငွေများကို ပြည်သူများအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းနိုင်မည့် လုပ်ငန်းများကို ဦးစားပေးအစီအစဉ် ချမှတ်ဆောင်ရွက်ရန်နှင့် တည်ဆောက်ရေး၊ ပစ္စည်းဝယ်ယူရေးတို့တွင် လိုက်နာရမည့် ညွှန်ကြားချက်၊ တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။

**အားထုတ်ကြိုးပမ်း**

ခြောက်လတာကာလ ဘတ်ဂျက်မှာ အကောင်အထည်ဖော်ဆောင်ရွက်ချိန် တိုတောင်းသည့်အတွက် ရငွေအပေါ်မူတည်ပြီး အသုံးစရိတ်များကို သုံးစွဲရမည်ဖြစ်ပါကြောင်း၊ ရငွေများကို တာဝန်ယူကောက်ခံသည့်ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ရငွေလျာထားချက်အတိုင်း ရရှိအောင် အားထုတ်ကြိုးပမ်းရမည်ဖြစ်ပြီး ဌာန၊ အဖွဲ့အစည်းများ အားလုံးကလည်း ခြောက်လတာကာလအတွင်း အမှန်သုံးစွဲနိုင်မည့် အသုံးစရိတ်များကိုသာ ဘဏ္ဍာငွေ အလေအလွင့်မရှိစေဘဲ ကျစ်ကျစ်လျစ်လျစ်သုံးစွဲရမည်ဖြစ်ပါကြောင်း၊ သို့မှသာ လိုငွေနှင့် ဂျီဒီပီအချိုးကို ထိန်းသိမ်းနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ပုဂ္ဂလိကကဏ္ဍကို အားပေးမြှင့်တင်နေသကဲ့သို့ အစိုးရကဏ္ဍကလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့် ဘဏ္ဍာရေးမူဝါဒများချမှတ်ပြီး အခွန်အကောက်ရငွေနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ရငွေတို့ကို တိုးမြှင့်ရရှိလာစေရန်နှင့်ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကို အားပေးမြှင့်တင်နိုင်စေမည့် အသုံးစရိတ်များကို ဦးစားပေးသုံးစွဲရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**အကျိုးရှိ ထိရောက်**

ပြည်ပအကူအညီရငွေ၊ ပြည်ပချေးယူရငွေ သုံးစွဲမှုများနှင့်ပတ်သက်ပြီး နိုင်ငံနှင့် ပြည်သူအတွက် အကျိုးရှိထိရောက်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ ပြည်ပအကူအညီရငွေများ၊ ပြည်ပချေးယူရငွေများသည် အရ၊ အသုံး နှစ်ဖက်စလုံး လျာထားဆောင်ရွက်ရသည့်အတွက် ခြောက်လတာကာလအတွင်း အမှန်တကယ်ရရှိသုံးစွဲနိုင်မည့် ပြည်ပအကူအညီရငွေများ၊ ပြည်ပ ချေးယူရငွေများကိုသာ လျာထားကြရန်လိုပါကြောင်း၊ အမှန်တကယ် မသုံးစွဲနိုင်ဘဲ ပြည်ပအကူအညီနှင့် ပြည်ပချေးငွေများကို လျာထားမိမည်ဆိုပါက အသုံးစရိတ်ပိုင်းတွင် ပိုလျှံငွေများဖြစ်ပေါ်စေပြီး ပိုလျှံငွေ ပြန်လည်အပ်နှံရသည့် ကိစ္စရပ်များနှင့် ကြုံတွေ့ရမည်ဖြစ်ပါကြောင်း။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ဆွေးနွေးပြီး အတည်ပြုပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**လိုငွေကျပ် ၈၅၃ ဒသမ ၇၉၀ ဘီလီယံ**

ထို့နောက် ဘဏ္ဍာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြည်ထောင်စုမှထောက်ပံ့မည့်ငွေမှာ ကျပ် ၈၅၃ ဒသမ ၇၉၀ ဘီလီယံ ဖြစ်သည့်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ရေးဆွဲတင်ပြလာသည့် အရအသုံးခန့်မှန်းခြေငွေစာရင်းမှာ စုစုပေါင်းရငွေကျပ် ၃၇၆ ဒသမ ၇၄၃ ဘီလီယံ စုစုပေါင်းအသုံးစရိတ်ကျပ် ၁၂၃၀ ဒသမ ၅၃၃ ဘီလီယံနှင့် လိုငွေကျပ် ၈၅၃ ဒသမ ၇၉၀ ဘီလီယံဖြစ်ပါကြောင်း။

ခြောက်လအတွင်း အမှန်တကယ်ကုန်ကျနိုင်မည့် လစာနှင့်စရိတ် ချီးမြှင့်ငွေများ၊ ခရီးသွားလာစရိတ်များ၊ စက်သုံးဆီဝယ်ယူမှုများ၊ ပြင်ဆင်ထိန်းသိမ်းစရိတ် စသည့် သာမန်အသုံးစရိတ်များ၊ ခြောက်လအတွင်း ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ပြီးစီးအောင် ဆောင်ရွက်ရမည့် တည်ဆောက်ရေးလုပ်ငန်း၊ စက်ပစ္စည်းဝယ်ယူသည့် ငွေလုံးငွေရင်း အသုံးစရိတ်များနှင့် အရင်းပေးဆပ်ရန် အချိန်စေ့ရောက်သည့် ကြွေးမြီအသုံးစရိတ်များကို ခွင့်ပြုခဲ့ပြီး ပြည်ထောင်စုနည်းတူ တည်ဆောက်ရေးလုပ်ငန်းသစ်များ၊ ယင်းနှင့်ဆက်စပ်သည့် ပရိဘောဂဝယ်ယူခြင်းနှင့် မော်တော်ယာဉ်အသစ်ဝယ်ယူခြင်းစသည့် အသုံးစရိတ်များကို စိစစ်လျှော့ချခဲ့ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ငွေလုံးငွေရင်းအသုံးစရိတ်များမှ စိစစ်လျှော့ချမှု ပမာဏမှာ ကျပ် ၃၄ ဒသမ ၇၁၃ ဘီလီယံဖြစ်ပါကြောင်း။

**စာမျက်နှာ ၅ သို့ ◆**

❖ ယနေ့ပြုလုပ်သည့် ဘဏ္ဍာရေးကော်မရှင် (၁/၂၀၁၈)ကြိမ်မြောက် အစည်းအဝေးတွင် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း နှင့် ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ဆွေးနွေး အတည်ပြုကြရန်ဖြစ်

# ကိုရီးယားနှစ်နိုင်ငံ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့များ အပစ်အခတ်ရပ်စဲရေးကျေးရွာ ပန်မွန်ဂျုံ၌ တွေ့ဆုံဆွေးနွေး



**ဆိုးလ် ဇန်နဝါရီ ၉**
တောင်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံတို့မှ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့များ၏ အစိုးရချင်း ဆက်ဆံရေးဆိုင်ရာ ဆွေးနွေးပွဲကို ဇန်နဝါရီ ၉ ရက်တွင် အပစ်အခတ်ရပ်စဲရေး ပန်မွန်ဂျုံကျေးရွာ၌ စတင်ကျင်းပသည်။

ပန်မွန်ဂျုံကျေးရွာ၏ တောင်ကိုရီးယားဘက်ခြမ်းရှိ အစောင့်အကြပ်ထူထပ်စွာချထားသော ငြိမ်းချမ်းရေး အဆောက်အအုံ၌ နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့များက ဇန်နဝါရီ ၉ ရက် ဒေသစံတော်ချိန် နံနက်၁၀နာရီခန့်တွင် မျက်နှာစုံညီဆွေးနွေးပွဲကို စတင်ခဲ့ကြသည်။

အဖွဲ့ဝင်ငါးဦးပါဝင်သည့် တောင်ကိုရီးယားကိုယ်စားလှယ်အဖွဲ့ကို ပြန်လည်ပေါင်းစည်းရေး ဝန်ကြီး ချိုမြောင်ဂွမ်က ဦးဆောင်ပြီး မြောက်ကိုရီးယား ကိုယ်စားလှယ်အဖွဲ့ကို အဖနိုင်ငံတော် ငြိမ်းချမ်းစွာ ပြန်လည်ပေါင်းစည်းရေးကော်မတီဥက္ကဋ္ဌ ရီဆွန်ဂွန်က ဦးဆောင်သည်။

### သွားရောက်

တောင်ကိုရီးယားသမ္မတဟောင်း ကင်ဒေဂျုံသည် ၂၀၀၀ ပြည့်နှစ် ဇွန်လအတွင်းက မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်းမြို့သို့ သွားရောက်ခဲ့ပြီး ထိုစဉ်က မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအီနှင့် တွေ့ဆုံခဲ့ချိန်နောက်ပိုင်း နှစ်နိုင်ငံဝန်ကြီးအဆင့် တွေ့ဆုံဆွေးနွေးမှုများကို မကြာခဏ ပြုလုပ်ခဲ့သည်။

တောင်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံတို့မှ နိုင်ငံ့ခေါင်းဆောင်များ၏ ထိပ်သီးချင်းတွေ့ဆုံဆွေးနွေးမှုပြုလုပ်ပြီး တစ်လခွဲခန့်အကြာတွင် နှစ်နိုင်ငံ ဝန်ကြီးများအဆင့် တွေ့ဆုံဆွေးနွေးမှုကို ဆိုးလ်မြို့၌ ကျင်းပခဲ့သည်။

၂၀၀၀ ပြည့်နှစ်မှ ၂၀၀၇ ခုနှစ်အထိ တောင်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံ ဝန်ကြီးအဆင့် ဆွေးနွေးပွဲ ၂၁ ကြိမ်ကျင်းပခဲ့ကြသည်။ ယင်းတွေ့ဆုံဆွေးနွေးမှုများကို တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားနိုင်ငံတို့တွင် တစ်လှည့်စီပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ယင်းတွေ့ဆုံမှုများသည် ၂၀၀၇ ခုနှစ် အောက်တိုဘာလတွင် တောင်ကိုရီးယားသမ္မတ ရိုမူဟွန်းနှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီတို့ ဒုတိယအကြိမ် ထိပ်သီးဆွေးနွေးပွဲဖြစ်မြောက်ရေးကို ဦးတည်စေခဲ့သည်။

**ဆင်ဟွာ**

# အဲအင်ဒီးယား လေကြောင်း ပထမတန်းမှလိုက်ပါသူများ လက်ပ်တော့ကွန်ပျူတာ အသုံးပြုနိုင်ဖွယ်



**နယူးဒေလီ ဇန်နဝါရီ ၉**
အိန္ဒိယနိုင်ငံရှိ အဲအင်ဒီးယား လေကြောင်းဌာနသည် နိုင်ငံတကာလေကြောင်း ခရီးစဉ်များတွင် ပထမတန်းမှ လိုက်ပါစီးနင်းသော ခရီးသည်များ လေယာဉ်ပေါ်၌ လက်ပ်တော့ကွန်ပျူတာများ အသုံးပြုနိုင်ရေးအတွက် လုပ်ဆောင်ပေးဖွယ်ရှိကြောင်း လေကြောင်းဌာန၏ ဥက္ကဋ္ဌ နှင့် ဦးဆောင်ညွှန်ကြားရေးမှူး ပရာဒီဆင်း ကာရိုလာက ပြောကြားလိုက်သည်။

### အရင်းအမြစ်

ခရီးရှည်ပျံသန်းသော နိုင်ငံတကာ လေကြောင်းခရီးစဉ်များ၏ ပထမတန်းမှ လိုက်ပါသူ ခရီးသည်များသည် မိမိတို့ လေကြောင်းဌာနအတွက် အဓိကဝင်ငွေရရှိနိုင်သော အရင်းအမြစ်ဖြစ်ကြောင်း၊ နိုင်ငံတကာလေကြောင်းခရီးစဉ်များ ပျံသန်းရာတွင် ပထမတန်းမှ လိုက်ပါသူ ခရီးသည်ဦးရေမှာ ပထမတန်းအတွက် သတ်မှတ်ထားသော ထိုင်ခုံနေရာ အရေအတွက်၏ ထက်ဝက်ခန့်သာ ရှိကြောင်း၊ ပထမတန်းမှ လိုက်ပါသူ ခရီးသည်ဦးရေ တိုးပွားလာစေရေးအတွက် မိမိတို့နည်းလမ်းရှာဖွေရာတွင် ၎င်းတို့အတွက် ဝန်ဆောင်မှု အရည်အသွေး မြှင့်တင်ပေးရေးနည်းများကို စဉ်းစားသုံးသပ်ရကြောင်း၊ ခရီးသည်များသည် ဖျော်ဖြေရေး အစီအစဉ်များကို ငြီးငွေ့သည့်အချိန်တွင် လက်ပ်တော့ကွန်ပျူတာများကို အသုံးပြုနိုင်ရန် မိမိတို့ စီစဉ်ပေးဖွယ်ရှိကြောင်း ကာရိုလာက ပြောကြားသည်။

အဲအင်ဒီးယား လေကြောင်းဌာနသည် ဘိုးရင်း ၇၄၇၊ ဘိုးရင်း ၇၇၇ နှင့် ဘိုးရင်း ၇၈၇ အမျိုးအစား လေယာဉ်များအပြင် အဲဘတ်စ် အေ-၃၂၀ အမျိုးအစား လေယာဉ်များကို အသုံးပြု၍ နိုင်ငံတကာ လေကြောင်းခရီးစဉ်များကို ပျံသန်းပေးလျက်ရှိသည်။

### တိုင်တန်း

ဘိုးရင်း ၇၈၇ ဒရင်းလိုင်နာ လေယာဉ်သစ်များ၏ ခရီးသည် ထိုင်ခုံများအပေါ် တပ်ဆင်ထားသော ဗီဒီယိုမှတစ်ဆင့် ဖျော်ဖြေရေး အစီအစဉ်များကို ခရီးသည်များက အဆင့်အတန်းမြင့်မြင့် ကြည့်ရှုခံစားနိုင်ကြသော်လည်း လေယာဉ်ဟောင်းများ၏ ဗီဒီယို ပြစက်များမှာ စက်ချို့ယွင်းမှု ရှိသည်ဆိုသော ခရီးသည်များ၏ တိုင်တန်းမှုများ ရှိခဲ့သည်ဆို၏။

**ပီတီအိုင်**

## မြို့တော်ပေကျင်းရှိ သက်တမ်းရင့်စက်ရုံများကို ယဉ်ကျေးမှုဆိုင်ရာ နေရာများအဖြစ် ပြောင်းလဲမည်

**ပေကျင်း ဇန်နဝါရီ ၉**
တရုတ်နိုင်ငံ၏မြို့တော် ပေကျင်းရှိ သက်တမ်းရင့် စက်ရုံအဆောက်အအုံများကို ယဉ်ကျေးမှုဆိုင်ရာ နေရာများအဖြစ် အသွင်ပြောင်းလဲရန် တရုတ်အစိုးရအဖွဲ့က လမ်းညွှန်ချက်တစ်ရပ်ထုတ်ပြန်လိုက်ကြောင်း၊ ယင်းလမ်းညွှန်ချက်အရ အိုမင်းနေသည့်စက်ရုံဟောင်းများသည် မြို့ပြယဉ်ကျေးမှုဆိုင်ရာဌာနများနှင့် ယဉ်ကျေးမှုနှင့် ဆက်နွယ်နေသော ထုတ်လုပ်မှုလုပ်ငန်းများ ဖြစ်လာမည် ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

သက်တမ်းရင့်စက်ရုံအဆောက်အအုံများကို စာကြည့်တိုက်များ၊ ပြတိုက်များနှင့် ပြခန်းများကဲ့သို့သော ယဉ်ကျေးမှုဆိုင်ရာနေရာများအဖြစ်သို့ ပြောင်းလဲမည်ဟု သတင်းတွင် ဖော်ပြသည်။

ယင်းစက်ရုံဟောင်းများကို ပြုပြင်ခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်းများ ပြုလုပ်ရာတွင် စက်ရုံများ၏ မူလပုံစံမပျက် ထိန်းသိမ်း လုပ်ဆောင်ကြရန် လမ်းညွှန်ချက်တွင် ဖော်ပြထားသည်။

စက်ရုံဟောင်းများ ပြုပြင်ထိန်းသိမ်းမှုကို ပုဂ္ဂလိက သို့မဟုတ် ကုမ္ပဏီများက ပြုလုပ်ရန် အားပေးကြောင်း လမ်းညွှန်ချက်တွင် ဖော်ပြသည်။

မြို့တော် ပေကျင်းတွင် လတ်တလော၌ အိုမင်းဟောင်းနွမ်းနေသည့်စက်ရုံအဆောက်အအုံ ၂၀၀၀ ကျော်ရှိပြီး ယင်းတို့၏ စုစုပေါင်း အကျယ်အဝန်းမှာ စတုရန်းမီတာ ၂၅ သန်းကျော်ရှိသည်။

**ဆင်ဟွာ**

# ဗင်နီဇွဲလား၌ ကုန်ဈေးနှုန်း အဆမတန်မြင့်တက် ၂၀၁၈ ခုနှစ်တွင် အဆိုးရွားဆုံး ငွေဖောင်းပွမှုနှုန်း ဖြစ်နိုင်

**ကာရာကတ်စ် ဇန်နဝါရီ ၉**
ဗင်နီဇွဲလားနိုင်ငံ၏ ကုန်ဈေးနှုန်းများသည် လွန်ခဲ့သည့်နှစ်က အဆမတန်ရာခိုင်နှုန်းများ ခုန်တက်ခဲ့ရာ ကမ္ဘာပေါ်တွင် ငွေဖောင်းပွမှုနှုန်း အမြင့်ဆုံးနိုင်ငံအဖြစ်ယူဆရကြောင်း အတိုက်အခံ လွှမ်းမိုးသော အမျိုးသားလွှတ်တော်မှ အမတ်များက ပြောကြားကြသည်။

ဗင်နီဇွဲလားနိုင်ငံ၌ စီးပွားရေးပြဿနာများ ဆိုးရွားနေပြီး နိုင်ငံတစ်ဝန်း၌ စားနပ်ရိက္ခာနှင့် ဆေးဝါးရှားပါးပြတ်လပ်မှုများကို ပြည်သူ သန်းပေါင်းများစွာ တွေ့ကြုံခံစားနေကြရသည်။



ဒီဇင်ဘာလ၏ ငွေဖောင်းပွမှုနှုန်းတစ်ခုတည်းပင် ၈၅ ရာခိုင်နှုန်းရှိကြောင်း အတိုက်အခံနိုင်ငံရေးသမားများက ပြောကြားကြသည်။

ဒီဇင်ဘာလတွင် ဗင်နီဇွဲလားနိုင်ငံ၏ အဆမတန်ငွေဖောင်းပွမှုနှုန်းသည် လက်တင်အမေရိက ဒေသရှိ နိုင်ငံအားလုံး၏ နှစ်အလိုက် ငွေဖောင်းပွမှု နှုန်းထက်ပင် ပိုမိုကြီးမားနေကြောင်း ဥပဒေပြုအမတ် ဟိုဆေးဂွာရာက ပြောကြားသည်။

### နှစ်ဒေါ်လာသာသာ

ဗင်နီဇွဲလားနိုင်ငံ၏အနိမ့်ဆုံးလုပ်အားခမှာ ဇန်နဝါရီလတွင် ၄၀ ရာခိုင်နှုန်းအထိ မြင့်တက်လာသော်လည်း မှောင်ခိုငွေကြေးဈေးကွက် ပေါက်ဈေးအရ တစ်လလျှင် နှစ်ဒေါ်လာသာသာမျှသာရှိသည်။ နိုင်ငံသုံး ဘိုလီဗာငွေကြေးသည် ငွေတန်ဖိုး ကျဆင်းနေပြီး မှောင်ခိုဈေးကွက်တွင် လွန်ခဲ့သည့်လ တစ်လတည်းမှာပင် အမေရိကန် ဒေါ်လာနှင့် ဖလှယ်ရာ၌ ၃၅ ရာခိုင်နှုန်းခန့် ငွေတန်ဖိုးကျခဲ့သည်။

### ကတိပြု

ကုန်ဈေးနှုန်းကို ထိန်းချုပ်နိုင်ရန် လုပ်ဆောင်မည်ဟု အာဏာပိုင်များက ကတိပြုခဲ့ပြီးနောက် ဇန်နဝါရီ ၆ ရက်တွင် ကုန်တိုက်အချို့သို့ လူရာပေါင်းများစွာ စုဝေးရောက်ရှိခဲ့ကြသည်။

ဗင်နီဇွဲလား ဗဟိုဘဏ်က ငွေဖောင်းပွမှု သို့မဟုတ် ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ)တို့နှင့် သက်ဆိုင်နေသော စာရင်းအင်း ကိန်းဂဏန်းများကို နှစ်နှစ်တာမျှ ထုတ်ပြန်ကြေညာပေးခြင်းမရှိခဲ့ပေ။

**ရိုက်တာ**

**○ ရရှိပိုင်ဆိုင်ထားသည့်မှ**

အခြားတိုင်းရင်းသားမျိုးနွယ်စု အပါအဝင် လူဦးရေ စုစုပေါင်း ၁၆ သိန်းကျော်သော တိုင်းရင်းသားလူမျိုးများ အတူတကွ ချစ်ကြည်ရင်းနှီးစွာ စုပေါင်းနေထိုင်ကြတဲ့ ပြည်နယ်တစ်ခုလည်း ဖြစ်ပါတယ်။

ကချင်ပြည်နယ်ဟာ ရွှေ၊ ကျောက်စိမ်း၊ ပယင်းစတဲ့ အဖိုးတန်သယံဇာတတွေ ပေါများကြွယ်ဝသလို အရှေ့တောင်အာရှဒေသရဲ့ တစ်ခုတည်းသော နှင်းဖုံးတောင်တန်းတွေရှိပြီး အလွန်သာယာလှပတဲ့ သဘာဝ ပတ်ဝန်းကျင်ကို ပိုင်ဆိုင်ထားပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံရဲ့ အသက်သွေးကြောလို့ဆိုနိုင်တဲ့ ဧရာဝတီမြစ်ကြီး စတင်မြစ်ဖျားခံရာ ဒေသတစ်ခုလည်း ဖြစ်ပါတယ်။

ဒီလိုသာယာလှပပြီး သယံဇာတတွေပေါကြွယ်ဝတဲ့ ကချင်ပြည်နယ်ဟာ လက်နက်ကိုင်ပဋိပက္ခတွေကြောင့် သဘာဝအလှအပတွေကိုလည်း မခံစားနိုင်၊ သယံဇာတတွေကိုလည်း ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ထိထိရောက်ရောက် မသုံးနိုင်ဘဲ ဖြစ်နေရပါတယ်။ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ နယ်မြေ တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုသာ အောင်မြင်အောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ပြည်နယ်အတွင်း နေထိုင်ကြတဲ့ တိုင်းရင်းသားပြည်သူအပေါင်းတို့ဟာ ငြိမ်းချမ်းရေးရဲ့ အရသာကို သိရှိခဲ့ကြပြီးဖြစ်သလို ယခုအခါမှာလည်း ငြိမ်းချမ်းရေးကို အလွန်တောင့်တလျက်ရှိကြပြီး ငြိမ်းချမ်းရေးအမြန်ဆုံးရရှိရန်မှာလည်း ပြည်သူတစ်ရပ်လုံးရဲ့ ကြီးမားတဲ့ဆန္ဒ ဖြစ်ပါတယ်။

ယခုအချိန်အခါတွင် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးအနေဖြင့် အစိုးရ၊ ပြည်သူ၊ တပ်မတော်၊ လွှတ်တော်၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ မကြုံစဖူး စည်းလုံးညီညွတ်မှုနဲ့အတူ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီဖြစ်ပါတယ်။ ထို့ကြောင့် အဆိုပါလမ်းကြောင်းမှန်အတိုင်း မတိမ်းမစောင်း၊ မယိမ်းမယိုင် တည်ငြိမ်ဖြောင့်မတ်စွာ ဆက်လက်လျှောက်လှမ်းနိုင်ရေးအတွက် အဖွဲ့အစည်းအသီးသီးတို့သည် ပြည်သူနှင့်အတူ စည်းလုံးညီညွတ်မှုစွမ်းအားကို အရှိန်မြှင့်တင် မွေးမြူဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ယနေ့မြန်မာနိုင်ငံသည် စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရန်အတွက် (၂၁)ရာစု ပင်လုံဟုခေါ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကိုလည်း ကျင်းပလျက်ရှိပါတယ်။

ယနေ့ နိုင်ငံတော်က ဆောင်ရွက်လျက်ရှိတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနဲ့ (၂၁)ရာစု ပင်လုံညီလာခံ ကျင်းပလျက်ရှိရာ ရရှိပိုင်ဆိုင်ထားသည့် အခြေခံကောင်းများကို အမိအရဆုပ်ကိုင်ပြီး ကချင်ပြည်နယ် တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်သူ၊ ပြည်နယ်သားတို့က နိုင်ငံတော်နှင့်အတူ ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးကို သားစဉ်မြေးဆက် စဉ်ဆက်မပြတ် ခံစားနိုင်ရေးအတွက်လည်း တည်ဆောက်သွားရမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် တည်ဆောက်လျက်ရှိရာတွင် တိုင်းရင်းသားအားလုံး တန်းတူရည်တူ ပါဝင်ဆောင်ရွက်နိုင်မှုဟာ အရေးကြီးလှပါတယ်။ နိုင်ငံတော်က ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာမှာ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ပြည်သူများရဲ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ကျန်းမာရေးစောင့်ရှောက်မှုတိုးမြှင့်ရေး အစီအမံများကို နိုင်ငံတော်က ဘဏ္ဍာငွေမြောက်မြားစွာ ကျခံပြီး စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရရှိဖြစ်ထွန်းနေပြီးသော စည်းလုံးညီညွတ်မှု အခြေခံကောင်းများ၊ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများနှင့်အတူ ဒီမိုကရေစီနိုင်ငံတော်သစ်သို့ လျှောက်လှမ်းရာတွင် ကချင်ပြည်နယ် အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ဆက်လက်ဝိုင်းဝန်း ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါတယ်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးတည်ဆောက်ရေးနဲ့ ငြိမ်းချမ်းရေး တည်ဆောက်ခြင်းလုပ်ငန်းစဉ်ကြီးမှာ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ခိုင်မာတဲ့ ပြည်ထောင်စုစိတ်ဓာတ်၊ စစ်မှန်တဲ့မျိုးချစ်စိတ်ဓာတ်တို့နဲ့ မိမိတို့ပြည်နယ်အစိုးရနှင့် သွေးစည်းညီညာစွာလက်တွဲ၍ ဝိုင်းဝန်းကူညီကြိုးပမ်း ဆောင်ရွက်မှသာ အောင်မြင်မှာဖြစ်ပါကြောင်း သဝဏ်လွှာပေးပို့အပ်ပါတယ်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**

◆ **စာမျက်နှာ ၃ မှ**

**အရအသုံးခန့်မှန်းခြေငွေစာရင်း**

စိစစ်လျှော့ချပြီးနောက် ဖြစ်ပေါ်လာသည့် တိုင်းဒေသကြီး၊ ပြည်နယ်များ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် အရအသုံး ခန့်မှန်းခြေငွေစာရင်းအချုပ်မှာ စုစုပေါင်းရငွေကျပ် ၃၇၆ ဒသမ ၇၄၃ ဘီလီယံ စုစုပေါင်းအသုံးစရိတ် ကျပ် ၁၁၉၅ ဒသမ ၈၂၀ ဘီလီယံနှင့် လိုငွေကျပ် ၈၁၉ ဒသမ ၀၇၇ ဘီလီယံ ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

**❖ မြန်မာနိုင်ငံတွင် ဘဏ္ဍာရေးနှစ်ကို ဧပြီလ ၁ ရက်မှ မတ်လ ၃၁ ရက်အထိ သတ်မှတ်ခဲ့ရာမှ ၂၀၁၈ -၂၀၁၉ ဘဏ္ဍာရေးနှစ်မှစပြီး အောက်တိုဘာလ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက်အထိ ပြောင်းလဲပြင်ဆင် သတ်မှတ်မည်ဖြစ်သည့်အတွက် ကူးပြောင်းချိန်ကာလဖြစ်သည့် ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက်အထိ ခြောက်လတာကာလအတွက် ဌာန၊ အဖွဲ့အစည်းများ၏ အရ၊ အသုံး ခန့်မှန်းခြေငွေစာရင်းကို ယခုလို သီးခြားရေးဆွဲဆောင်ရွက်ရခြင်းဖြစ်**

ယင်းနောက် ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ယင်းကိုအခြေပြု၍ ရေးဆွဲထားသော ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းတို့ကို ဘဏ္ဍာရေးကော်မရှင်က ဆွေးနွေးသုံးသပ်အတည်ပြုပေးနိုင်ရန် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဘဏ္ဍာရေးကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အခွန်ကောက်ခံရရှိမှု၊ ရငွေ၊ သုံးငွေနှင့် ဘဏ္ဍာငွေလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

**ဆောင်ကြဉ်းပေးလိမ့်မည်**

ထို့နောက် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဘဏ္ဍာရေးနှစ်ကို ပြောင်းလဲသတ်မှတ်ဆောင်ရွက်သည့်အတွက် ရရှိလာမည့် အကျိုးကျေးဇူးများသည် ပြောင်းလဲလုပ်ဆောင်ရန် သုံးစွဲရမည့် ကုန်ကျစရိတ်များထက် အဆများစွာသာလွန်နိုင်ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း ပိုမိုဆောင်ကြဉ်းပေးလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

အသုံးစရိတ်များတောင်းခံရာတွင် ပြည်ထောင်စုတွင်တောင်းခံသည့် အသုံးစရိတ်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တောင်းခံသည့် အသုံးစရိတ်များ ထပ်မနေစေရန် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအနေဖြင့် နိုင်ငံတော်အတွက် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရန် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ကြရာတွင် နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးမူဝါဒ ၁၂ ရပ်၊ ကုလသမဂ္ဂစဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် ၁၇ ခုတို့နှင့် ညီညွတ်သည့် စီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

**အကျိုးရလဒ်များရရှိအောင် ဆောင်ရွက်**

ပြည်ပအကူအညီ အထောက်အပံ့များ၊ ပြည်ပချေးငွေများနှင့် ရယူဆောင်ရွက်ရသည့်နေရာတွင် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြပြီး ပြည်ပချေးငွေများသည် မလွဲမသွေ ပြန်လည်ပေးဆပ်ရမည့် ငွေများဖြစ်သည့်အတွက် သုံးစွဲရာတွင် နိုင်ငံတော်အတွက် ထိရောက်သည့် အကျိုးရလဒ်များရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

**စီမံကြီးကြပ်ဆောင်ရွက်ရန် လိုအပ်**

ပြည်သူအတွက် အစိုးရက သုံးစွဲသင့်သည့်အသုံးစရိတ်များကို သုံးစွဲရမည်ဖြစ်ပြီး ရငွေများကိုလည်း တိုးတက်ရှာဖွေကြရမည်ဖြစ်ပါကြောင်း၊ ရငွေကိုတိုးစေသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးပွားလုပ်ဆောင်နိုင်ရေး၊ အခွန်အကောက်ရငွေများ တိုးတက်ရရှိရေးနှင့် သက်ဆိုင်ရာဌာနများက မိမိတို့ တာဝန်ယူကောက်ခံရမည့် အခြားရငွေများ တိုးတက်ရရှိရေးတို့အတွက် စီမံကြီးကြပ်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ အလားတူ ပြည်သူအတွက်သုံးစွဲရမည့် ပညာရေး၊ ကျန်းမာရေး အသုံးစရိတ်များအပါအဝင် လျှပ်စစ်မီး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြေခံအဆောက်အအုံ စသည်တို့တွင်လည်း သုံးစွဲရမည်ဖြစ်ပါကြောင်း။

ဘဏ္ဍာငွေရရှိမှု၊ သုံးစွဲမှုများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆောက်ရေး၊ ဝယ်ယူရေးလုပ်ငန်းများကို တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန်၊ ငွေကြေးသုံးစွဲရာတွင် ဘဏ္ဍာရေးစီမံခန့်ခွဲမှု စည်းမျဉ်းနှင့်အညီ သုံးစွဲကြရန်၊ ပွင့်လင်းမြင်သာမှုရှိရန်၊ အချိန်မရွေး စာရင်းစစ်ဆေးခံနိုင်ရန်တို့ကို စဉ်ဆက်မပြတ် ကြပ်မတ်ဆောင်ရွက်သွားကြရန် မှာကြားသည်။

**သတင်းစဉ်**

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တရုတ်နိုင်ငံ ဗုဒ္ဓဘာသာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရှန်ဟိုင်းမြို့ ဗုဒ္ဓဘာသာအဖွဲ့ဥက္ကဋ္ဌ ကျင်အန်းဘုရားကျောင်း ဆရာတော် HUI MING နှင့်အဖွဲ့အား တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် တရုတ်နိုင်ငံ ဗုဒ္ဓဘာသာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရှန်ဟိုင်းမြို့ ဗုဒ္ဓဘာသာအဖွဲ့ ဥက္ကဋ္ဌ ကျင်အန်းဘုရားကျောင်း ဆရာတော် HUI MING ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။ **သတင်းစဉ်**



## ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆွေးနွေး

**တာချီလိတ် ဇန်နဝါရီ ၉**

ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းသည် တာချီလိတ်မြို့နယ်အတွင်း လွယ်တော်ခမ်းကျေးရွာအုပ်စု ဖတ်ဟိကျေးရွာတွင် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ရေရရှိရေး လုပ်ငန်းနှင့် ဆိုလာမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၅ ရက်က ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**နေလင်း(ညောင်လေးပင်)**

❖ **ရွှေဖုံးမှ**

အစည်းအဝေးသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ အမျိုးသားစီမံကိန်းကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ စီမံကိန်းကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု ရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ မြန်မာနိုင်ငံဗဟိုဘဏ်ဥက္ကဋ္ဌ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စီမံကိန်းကာလ**

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က "ယခုကျင်းပတဲ့ အစည်းအဝေးဟာ ၂၀၁၈ ခုနှစ် ဧပြီလကနေ စက်တင်ဘာလအထိ ခြောက်လတာ ကာလအတွက် အမျိုးသားစီမံကိန်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ပြည်ထောင်စုလွှတ်တော်သို့ မတင်သွင်းမီချပြညှိနှိုင်းပြီး အတည်ပြုချက်ရယူဖို့ ကျင်းပတဲ့ အစည်းအဝေး ဖြစ်ပါတယ်။

"၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ကစပြီး မြန်မာနိုင်ငံရဲ့ ဘဏ္ဍာရေးနှစ်ကာလကို အောက်တိုဘာ ၁ ရက်ကနေ စက်တင်ဘာ ၃၀ ရက်အထိ သတ်မှတ်ပြောင်းလဲကျင့်သုံးမှာဖြစ်ပါတယ်။ ပြောင်းလဲကျင့်သုံးမယ့် ဘဏ္ဍာရေးနှစ် ကာလနဲ့အညီ နိုင်ငံတော်ရဲ့အမျိုးသားစီမံကိန်းနဲ့ ဒေသန္တရ စီမံကိန်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ကစပြီး စီမံကိန်းကာလကို အောက်တိုဘာ ၁ ရက်ကနေ စက်တင်ဘာ ၃၀ ရက်အထိ သတ်မှတ်ပြောင်းလဲရေးဆွဲရမှာ ဖြစ်ပါတယ်။

**အကောင်အထည်ဖော်**

"ဘဏ္ဍာရေးနှစ်ပြောင်းလဲသတ်မှတ်ရာမှာ လက်ရှိ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်နဲ့ ပြောင်းလဲကျင့်သုံးမယ့် ဘဏ္ဍာရေးနှစ်သစ်တို့အကြား ကြားကာလဖြစ်တဲ့ ၂၀၁၈ ခုနှစ် ဧပြီလကနေ စက်တင်ဘာလအထိ ခြောက်လတာကာလကို "ဘဏ္ဍာရေးနှစ် ပြောင်းလဲရေးကာလ"အဖြစ် သတ်မှတ်ပြီး ပေါင်းကူးဆောင်ရွက်မယ့်လုပ်ငန်း အစီအစဉ်တွေကို ဆောင်ရွက်မှာဖြစ်ပါတယ်။ အဲဒီ ခြောက်လတာကာလအတွင်း ဆောင်ရွက်မယ့်မူဝါဒတွေ၊ ရည်မှန်းချက်တွေ၊ လုပ်ငန်းစဉ်တွေနဲ့ ဦးစားပေးအစီအစဉ်တွေကိုလည်း ခြောက်လတာ အမျိုးသားစီမံကိန်းဥပဒေကြမ်းအဖြစ် ရေးဆွဲပြဋ္ဌာန်းပြီး အကောင်အထည်ဖော် ဆောင်ရွက်ရမှာဖြစ်ပါတယ်။

"နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းတွေ ရေးဆွဲရာမှာ ပြည်သူတွေအတွက် လတ်တလော လိုအပ်ချက်နဲ့ တိုင်းပြည်ရေရှည် ဖွံ့ဖြိုးတိုးတက်ရေး (Sustainable Development)ကို ခွဲခြားရှုမြင်ပြီး ခြောက်လတာ အမျိုးသားစီမံကိန်းရေးဆွဲတဲ့အခါ ကဏ္ဍအလိုက်၊ ဒေသအလိုက် လတ်တလော ဖြည့်ဆည်းပေးရမယ့် လိုအပ်ချက်တွေကို နိုင်ငံတော်ကနေ ခွင့်ပြုနိုင်မယ့် ဘတ်ဂျက်ပမာဏအတွင်းမှာပဲ အထိရောက်ဆုံးဖြစ်အောင် ပေါင်းစပ်ရေးဆွဲကြဖို့ လိုအပ်ပါတယ်။

**ပေါင်းစပ်ရေးဆွဲ**

"ဒါ့အပြင် ပြည်ထောင်စုဝန်ကြီးဌာနတွေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တွေအနေနဲ့လည်း စီမံကိန်းရည်မှန်းချက်တွေကို ရေးဆွဲအဆိုပြုရာမှာ ကုလသမဂ္ဂထောင်စုနှစ် အလွန်ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုပန်းတိုင်တွေ၊ နိုင်ငံတော်က ချမှတ်ထားတဲ့ စီးပွားရေး မူဝါဒတွေ၊ ကာလရှည်နဲ့ ကာလတိုရည်မှန်းချက်တွေအပေါ်မှာ အခြေခံပြီး မိမိတို့ရဲ့ မူဝါဒတွေ၊ လုပ်ငန်းစဉ်တွေနဲ့အညီ ဦးစားပေးအစီအစဉ်တွေကိုလည်း ချိန်ညှိရေးဆွဲကြဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် စီးပွားရေးကဏ္ဍအလိုက်မှာ တာဝန်ခံ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဒေသတာဝန်ခံ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များရဲ့ ရည်မှန်းချက်တွေနဲ့ နိုင်ငံတော်ကချမှတ်ထားတဲ့ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ မူဝါဒတွေနဲ့လည်း ပေါင်းစပ်ရေးဆွဲ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

"ပြည်ထောင်စုဝန်ကြီးဌာနတွေရဲ့ ကဏ္ဍအလိုက်ရည်မှန်းချက်တွေ ရေးဆွဲရာမှာ တိုင်းဒေသကြီး၊ ပြည်နယ်တွေ ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေဖို့၊ မျိုးဆက်သစ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်ဖို့၊ စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးစေမယ့် စီးပွားရေးစနစ်တစ်ရပ် ထူထောင်နိုင်ဖို့ အလေးထားဆောင်ရွက်ရမှာဖြစ်ပါတယ်။ အလားတူ တိုင်းဒေသကြီး၊ ပြည်နယ် ဒေသန္တရစီမံကိန်းတွေ ရေးဆွဲခြင်းနဲ့ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကိုလည်း နိုင်ငံတော်ရဲ့မူဝါဒနဲ့ လုပ်ငန်းစဉ်တွေအတိုင်း လိုက်ပါဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တွေအနေနဲ့ မိမိတို့ရဲ့ တိုင်းဒေသကြီး၊ ပြည်နယ် ဒေသန္တရစီမံကိန်းတွေကို ရေးဆွဲရာမှာ ပြည်ထောင်စုကချမှတ်ထားတဲ့ မူဝါဒတွေနဲ့ လိုက်လျောညီထွေရှိမယ့် ဒေသန္တရစီမံကိန်းတွေဖြစ်အောင် အလေးထားဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

**အကန့်အသတ်တွေ**

"နိုင်ငံတော်ရဲ့မူဝါဒတွေဟာ ပိုမိုပြည့်စုံတဲ့ စဉ်ဆက်မပြတ် ရေရှည်တည်တံ့ခိုင်မြဲတဲ့ ဖွံ့ဖြိုးတိုးတက်မှုရရှိရေးကို အခြေခံတဲ့မူဝါဒတွေဖြစ်စေဖို့အတွက် လိုအပ်တဲ့ ဗျူဟာတွေနဲ့ Actions Plan တွေ ရေးဆွဲလျက်ရှိပြီး အဲဒီဗျူဟာတွေနဲ့အညီ ဦးစားပေးလုပ်ငန်းစီမံကိန်းတွေကို ချမှတ်အကောင်အထည်ဖော်သွားဖို့ လိုအပ်ပါတယ်။

"၂၀၁၈ ခုနှစ် ဧပြီလကနေ စက်တင်ဘာလအထိ ခြောက်လတာကာလဟာ မိုးရာသီဖြစ်တဲ့အတွက် လယ်ယာကဏ္ဍမှာ မိုးသီးနှံများ စိုက်ပျိုးချိန်ဖြစ်ပါတယ်။ ဒါကြောင့် စက်မှုကဏ္ဍမှာလည်း လယ်ယာထွက်ပစ္စည်း ကြိတ်ခွဲမွမ်းမံမှုနည်းပါးမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဆောက်လုပ်ရေးလုပ်ငန်းတွေကို အရှိန်အဟုန်နဲ့ ဆောင်ရွက်ဖို့ အကန့်အသတ်တွေလည်း ဖြစ်ပေါ်နိုင်ပါတယ်။

**ဖွံ့ဖြိုးတိုးတက်ဖို့**

"ဒါပေမယ့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ စီးဝင်ခြင်း၊ ငွေကြေးအရင်းအနှီးလိုအပ်နေတဲ့ စီးပွားရေးအခြေခံလုပ်ငန်းတွေကို နှစ်လတ်ချေးငွေများ ထုတ်ချေးပေးခြင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ညှိနှိုင်းပေါင်းစပ်ခြင်းတွေကို



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်။**

ဆောင်ရွက်ပေးနေတာဖြစ်လို့ အသေးစားနဲ့အလတ်စား စက်မှုလုပ်ငန်းတွေ ပိုမိုဖွံ့ဖြိုးတိုးတက်မယ့် အလားအလာတွေရှိမယ်လို့ မျှော်မှန်းထားပါတယ်။

"ဒါ့အပြင် နိုင်ငံတစ်ဝန်းလုံးမှာ လမ်းကွန်ရက်တွေ ကောင်းမွန်လာတာကြောင့် ခရီးသည်နဲ့ ကုန်စည်ပို့ဆောင်ရေး၊ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းတွေ၊ ဘဏ္ဍာရေးဝန်ဆောင်မှုနဲ့ ငွေကြေးဝန်ဆောင်မှုတွေ ပိုမိုတိုးတက်ဖြစ်ထွန်းကောင်းမွန်လာမယ်လို့ မျှော်မှန်းထားတာကြောင့် လာမယ့်ဘဏ္ဍာရေးနှစ်ပြောင်းလဲရေးကာလဖြစ်တဲ့ ၂၀၁၈ ခုနှစ် ဧပြီလကနေ စက်တင်ဘာလအထိ ခြောက်လအတွက် အမျိုးသားစီမံကိန်းမှာ နိုင်ငံရဲ့ GDP ကို ၇ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်မယ်လို့ မျှော်မှန်းထားတာ တွေ့ရှိရပါတယ်။

**ခန့်မှန်းထား**

"မိမိတို့အနေနဲ့ လက်ရှိ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ပြန်လည်သုံးသပ်ကြည့်ရာမှာ ဘဏ္ဍာရေးနှစ်ကုန်မှာ စီမံကိန်းရည်မှန်းချက်တွေ ပြည့်ပြည့်ဝဝ အကောင်အထည်ဖော်နိုင်မယ်လို့ ခန့်မှန်းထားပါတယ်။

"လက်ရှိနိုင်ငံရဲ့ စီးပွားရေးဟာ အရှိန်အဟုန်နဲ့ မတိုးတက်သော်လည်း စိုက်ပျိုးချိန်နဲ့ ရိတ်သိမ်းချိန်များမှာ ရာသီဥတုကောင်းမွန်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာခြင်းနဲ့အတူ အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေရဲ့ ထုတ်လုပ်မှုတွေ၊ ပို့ဆောင်ရေးနဲ့ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းတွေ၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေးနဲ့ အခြားဝန်ဆောင်မှုတွေနဲ့ ပြည်တွင်းကုန်သွယ်မှုလုပ်ငန်းတွေ ပိုမိုကောင်းမွန်လာခြင်း စတဲ့ အချက်တွေအရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ရဲ့ စီးပွားရေးတိုးတက်မှုနှုန်းကို ၆ ဒသမ ၈ ရာခိုင်နှုန်း ရှိမယ်လို့ ခန့်မှန်းထားပါတယ်။

**ကြီးကြပ်ကွပ်ကဲ**

"စီမံကိန်းတွေ ရေးဆွဲအကောင်အထည်ဖော်ရာမှာ နိုင်ငံတော်က ချမှတ်ထားတဲ့ မူဝါဒတွေ၊ နိုင်ငံတော်ရဲ့ ဦးစားပေးအစီအစဉ်တွေနဲ့ ကဏ္ဍအလိုက် တိုးတက်ရေး ဦးစားပေးအစီအစဉ်တွေ၊ ဒေသဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်တွေဟာ ညီညွတ်ရမှာဖြစ်သလို အခြေခံတဲ့ စာရင်းအင်းကိန်းဂဏန်း အချက်အလက်တွေ ပြည့်စုံ၊ တိကျ၊ မှန်ကန်၊ ခိုင်မာဖို့လည်း လိုအပ်ပါတယ်။ ဒါ့ကြောင့် ပြည်ထောင်စုဝန်ကြီးဌာနတွေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တွေအနေနဲ့ ကိန်းဂဏန်းအချက်အလက်တွေ ခိုင်မာမှန်ကန်စေဖို့အတွက် စနစ်တကျ ကြီးကြပ်ကွပ်ကဲဖို့ အထူးမှာကြားလိုပါတယ်။

"ပြည်ထောင်စုဝန်ကြီးဌာနတွေအနေနဲ့လည်း မိမိတို့ဆောင်ရွက်မယ့် လုပ်ငန်းစီမံကိန်း (Project) တွေကို ဖြစ်နိုင်ခြေဆန်းစစ်လေ့လာမှု (Feasibility Study-FS) တွေ ပြုလုပ်ပြီး ဖြစ်နိုင်ခြေရှိတဲ့ လုပ်ငန်းစီမံကိန်း (Project) တွေကိုသာ ကာလတိုနဲ့ နှစ်စဉ် စီမံကိန်းတွေမှာ ထည့်သွင်းလျာထားရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဘဏ္ဍာရေးနှစ်သစ် စတင်မယ့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းမှာ ထည့်သွင်းဆောင်ရွက်လိုတဲ့ လုပ်ငန်းစီမံကိန်းတွေကို ဖြစ်နိုင်ခြေဆန်းစစ်လေ့လာမှု (Feasibility Study-FS) တွေ ဆောင်ရွက်ထားဖို့ လိုအပ်ပါတယ်။ ဒါမှသာ ပြည်သူတွေအတွက် အမှန်လိုအပ်တဲ့ လုပ်ငန်းစီမံကိန်းတွေမှာ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေတွေကို ထိရောက်စွာ အသုံးပြုဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

"ဘဏ္ဍာရေးနှစ် ပြောင်းလဲရေးကာလ ခြောက်လတာ စီမံကိန်းရည်မှန်းချက်တွေဟာ ပြည်သူ့အတွက် လတ်တလော ဖြည့်ဆည်းပေးဖို့ အမှန်တကယ်လိုအပ်နေတဲ့ လုပ်ငန်းတွေနဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းအတွက် မလုပ်မဖြစ် ကြိုတင်ဆောင်ရွက်ရမယ့် လုပ်ငန်းတွေကိုသာ ဦးစားပေးချိန်ညှိဆောင်ရွက်ကြဖို့ မှာကြားလိုပါတယ်"ဟု ပြောကြားသည်။

**ပိုတိုးတက်မှုရှိ**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "အမျိုးသားစီမံကိန်းကော်မရှင် အစည်းအဝေးမှာ နိုင်ငံတော်တိုးတက်မှုတွေ ဘာတွေရှိခဲ့သလဲ၊ ဘာတွေဆက်ပြီးတော့ လုပ်ဖို့လိုသလဲဆိုတာကို သုံးသပ်ရမှာဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံအနေနဲ့ လွန်ခဲ့တဲ့တစ်နှစ်ကို ကြည့်လိုက်မယ်ဆိုရင် အားသာချက်တွေရှိသလို အားနည်းချက်တွေလည်း ရှိခဲ့ပါတယ်။ အားသာချက်တွေကတော့ နိုင်ငံရဲ့ဘဏ္ဍာငွေနဲ့ ကျခံဆောင်ရွက်တဲ့ လုပ်ငန်းစီမံကိန်းတွေဟာ အရင်ထက်စာရင် ပိုပြီးတော့ တိုးတက်မှုရှိပါတယ်။ ပြည်သူတွေကို ပိုပြီးတော့ အကျိုးပြုစေပါတယ်။ ဒါပေမယ့် လုံလောက်လားဆိုတော့ မလုံလောက်ပါဘူး။

**ဝေဖန်စရာကိစ္စတွေရှိ**

"တကယ်တော့ အစိုးရတစ်ခုဟာ ကိုယ့်ရဲ့လုပ်ငန်းတွေကို ကျေနပ်တယ်လို့ ဘယ်တော့မှ မရှိသင့်ပါဘူး။ ကျေနပ်ပြီဆိုရင် လုံလောက်ပြီလို့ ဆုံးဖြတ်တဲ့ သဘောပါပဲ။ ကျွန်မတို့နိုင်ငံအတွက် လုပ်စရာတွေက အများကြီးလိုပါသေးတယ်။ အားသာချက်တွေအပေါ်မှာ ဆက်ပြီးတော့၊ ပိုပြီးတော့ အားသာအောင် လုပ်ဖို့လိုပါတယ်။ တင်ဒါခေါ်တဲ့နေရာမှာဆိုရင် အရင်တုန်းကထက်စာရင် ပွင့်လင်းမြင်သာမှုရှိတယ်၊ မှန်ကန်မှု ရှိတယ်ဆိုပြီး ပြည်သူတွေက ဒါကို လက်ခံပါတယ်။ သို့သော်ငြားလည်း တစ်ရာရာခိုင်နှုန်း ကျေနပ်လားဆိုတော့ တစ်ရာရာခိုင်နှုန်း မကျေနပ်ပါဘူး။ အခုအထိကို တင်ဒါခေါ်တဲ့ကိစ္စတွေနဲ့ပတ်သက်လို့ ပြည်သူတွေ ဝေဖန်စရာကိစ္စတွေရှိပါတယ်။ ဒါတွေကို ပြည်ထောင်စုအစိုးရဝန်ကြီးဌာနတွေသာမက တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေက အထူးသတိထားဖို့လိုပါတယ်။

"အရင်တုန်းက အစည်းအဝေးတွေမှာ ပြောခဲ့ဖူးပါတယ်။ ဗဟိုနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တွေရဲ့ ဆက်စပ်မှုဟာ အားရှိသင့်သလောက် မရှိဘူးဆိုတာ။ အခုလည်း အားရှိသင့်သလောက် မရှိသေးဘူးလို့ ပြောရမှာပါပဲ။ အရင်တုန်းကထက်စာရင်တော့ တိုးတက်လာပါတယ်။ ဒါပေမယ့် မလုံလောက်သေးပါဘူး။ ဒီစီမံကိန်းတွေအောင်မြင်ဖို့ဆိုရင် ဗဟိုနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တွေအကြားမှာ

**စာမျက်နှာ ၇ သို့** ❒

✪ နိုင်ငံရေး၊ စီးပွားရေးတိုးတက်မှုတွေရအောင် လုပ်တဲ့နေရာမှာ လွှတ်တော်များနဲ့ အစိုးရများအကြား ပူးပေါင်းဆောင်ရွက်မှုဟာ အင်မတန်မှ အရေးကြီး၊ ပြည်ထောင်စု အဆင့်မှာ ပြည်ထောင်စုလွှတ်တော်နဲ့ ပြည်ထောင်စုအစိုးရအကြား ပူးပေါင်းဆောင်ရွက်မှုဟာ အရေးကြီးသလို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာလည်း တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်တွေနဲ့ အစိုးရတွေအကြား ပူးပေါင်းဆောင်ရွက်မှုဟာ အင်မတန်မှ အရေးကြီး။

✪ စီမံကိန်းတွေနဲ့ပတ်သက်ရင် ဒါဟာ လွှတ်တော်နဲ့လည်းဆိုင်တယ်၊ အစိုးရအဖွဲ့နဲ့လည်းဆိုင်တယ်၊ အစိုးရဘက်က ကိုယ်လိုချင်တဲ့ စီမံကိန်းကို ကိုယ်လုပ်ချင်သလိုလုပ်လို့လည်း အမြဲရတာမဟုတ်၊ လွှတ်တော်နဲ့ ညှိနှိုင်းပြီး လွှတ်တော်ရဲ့ သဘောထားယူပြီးတော့ လုပ်ရတာတွေလည်း အများကြီးရှိ၊ ဒါကြောင့် ဆက်ဆံရေးကောင်းဖို့ဆိုတာ အားလုံးမှာ တာဝန်ရှိ။

✪ အရင်နှစ်ကထက်စာရင် တိုးတက်မှုက အမှန်ပြောရရင် တချို့ထင်တာထက်များ၊ သေသေချာချာ လေ့လာတဲ့အခါကျတော့ စီးပွားရေး တိုးတက်မှုက ထင်တာထက်မြန်၊ နိုင်ငံရေး တိုးတက်မှုကလည်း ထင်တာထက် မြန်ဆန်ပါတယ်ဆိုပြီး နိုင်ငံတကာ လေ့လာရေးအဖွဲ့တွေက ပြောထားတာရှိ။

✪ နိုင်ငံအတွက် စိန်ခေါ်မှုတွေက အင်မတန်မှများ၊ အခက်အခဲတွေက အများကြီး ကျော်ဖြတ်စရာရှိ၊ ဒါကြောင့် ဆတက်ထမ်းပိုး တိုးပြီးကြိုးစားမှ နိုင်ငံအတွက် တိုးတက်မှုရနိုင်၊ ပန်းတိုင်လို့ မပြောလို၊ နိုင်ငံတစ်နိုင်ငံရဲ့ ပန်းတိုင်ဆိုတာက ဘယ်တော့မှ ရောက်တယ်မရှိ၊ ကမ္ဘာကြီးတည်သရွေ့ ရှေ့ကို ဆက်သွားနေရမယ်၊ ပန်းတိုင်ကို ရောက်ပါပြီဆိုပြီး ထိုင်နေရမယ့်အချိန် ဘယ်တော့မှ ရောက်မှာမဟုတ်၊ သို့သော် ရေတိုပန်းတိုင်တွေတော့ သတ်မှတ်လို့ရ၊ ဒီတစ်နှစ်အတွင်း ဘယ်လောက်ထိဖြစ်အောင် လုပ်မယ်၊ ခြောက်လအတွင်း ဘယ်လောက်ထိ ဖြစ်အောင် လုပ်မယ်၊ တစ်နှစ်အတွင်း၊ ခြောက်လအတွင်း ဖြစ်မြောက်ရေးအတွက် တစ်ရက်ချင်း၊ တစ်ရက်ချင်း လုပ်သွားရမယ့် ကိစ္စတွေဖြစ်။

❒ စာမျက်နှာ ၆ မှ
ချိတ်ဆက်မှုပိုပြီးတော့ ကောင်းမွန်ဖို့လိုပါတယ်။ ပူးပေါင်းဆောင်ရွက်မှုဟာ ပိုပြီးတော့အားသာဖို့လိုပါတယ်။ ဒါ့အပြင် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ အကြားမှာလည်း ဆက်စပ်မှုတွေ၊ ပူးပေါင်းဆောင်ရွက်မှုတွေ အင်မတန်မှ လိုအပ်ပါတယ်။

**လေ့လာပြီးတော့ ပြောင်းလဲ**

“မကြာခင်ကာလတုန်းက Video Conferencing နဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေနဲ့ ဆွေးနွေးတဲ့အခါမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့် ပြီးအောင်လုပ်ရမယ့်ကိစ္စတွေကို ဗဟိုအစိုးရကို တင်ပြလာတာတွေလည်း သတိပြုမိပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အကြား ညှိနှိုင်းပြီး ပြီးအောင်လုပ်ရမယ့် ကိစ္စတွေကို ညှိနှိုင်းပြီးတော့ ပြီးအောင်လုပ်ဖို့လိုပါတယ်။ အားသာချက်တစ်ခုကတော့ ဒီနှစ်အတွင်းမှာ လိုအပ်တဲ့ ဥပဒေ၊ နည်းဥပဒေတွေ ပြဋ္ဌာန်းပေးနိုင်ခဲ့ပါတယ်။ ဒါတွေအားလုံး လုံလောက်ပြီလားဆိုတော့လည်း မလုံလောက်သေးပါဘူး။ တကယ်တော့ ဥပဒေတွေ၊ နည်းဥပဒေတွေ၊ စည်းမျဉ်း၊ စည်းကမ်းတွေဆိုတာ အချိန်ကာလနဲ့ ကိုက်ညီစွာပြောင်းလဲနေရမှာပါ။ ဘယ်တော့မှ ပြီးတယ်ဆိုတာ မရှိနိုင်ပါဘူး။ ဥပဒေတွေချပြီးရင် ကမ္ဘာ့တစ်သက်ပဲဆိုတာ မဟုတ်နိုင်ပါဘူး။ ကျွန်မတို့ ကမ္ဘာကြီးနဲ့ ကျွန်မတို့နိုင်ငံရဲ့ ပြောင်းလဲနေတဲ့ လိုအပ်ချက်တွေအရ အမြဲပဲဒါတွေကို လေ့လာပြီးတော့ ပြောင်းလဲသင့်သလို ပြောင်းလဲနေရမှာဖြစ်ပါတယ်။

“ရင်းနှီးမြှုပ်နှံမှုအတွက် လိုအပ်တဲ့ငွေကြေး ရယူနိုင်မယ့် အစီအစဉ်တွေလည်း ကျွန်မတို့ ဖော်ဆောင်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် ရင်းနှီးမြှုပ်နှံမှုတွေဟာ လုံလောက်ပြီလားဆိုတော့လည်း မလုံလောက်သေးပါဘူး။ စောစောက ပြောသလို မကျေနပ်သင့်ဘူး။ ကျေနပ်ပြီးတော့၊ လုံလောက်ပြီဆိုပြီးတော့ စိတ်မထားသင့်ဘူးလို့ ပြောတာမှအပ တကယ်တော့ ၆ ရာခိုင်နှုန်းကျော်၊ ၇ ရာခိုင်နှုန်း တိုးတက်မှုဆိုတာ တိုးတက်စနိုင်ငံ၊ ကျွန်မတို့နိုင်ငံ တစ်နည်းအားဖြင့် တိုးတက်စနိုင်ငံ၊ အချိန်ယူခါစနိုင်ငံအတွက် မလုံလောက်ဘူးလို့ ပြောရမှာပါ။ တကယ်အရှိန်အဟုန်နဲ့တိုးတက်ပြီဆိုရင် ဒါထက်ပိုပြီးတော့ တိုးတက်တဲ့ရာခိုင်နှုန်းနဲ့ တိုးတက်နိုင်ရမှာပါ။ အဲဒါအတွက်ကို ဦးတည်စေချင်ပါတယ်။ နောက်ဈေးကွက်ရရှိရေးအတွက် လိုအပ်တဲ့ပံ့ပိုးမှုတွေကိုလည်း လုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက်ပေးလျက်ရှိတာကို ကျွန်မတို့ ကြိုဆိုပါတယ်။ သို့သော် ဒါလည်းမလုံလောက်သေးပါဘူး။ ခြုံငုံပြီး အားလုံးပြောရမယ်ဆိုရင် ကျွန်မတို့ရဲ့ အားသာချက်တွေဟာ အားရစရာရှိတယ်ဆိုပေမယ့် ကျေနပ်လောက်အောင်တော့ အားရလို့မဖြစ်ပါဘူး။ အဲဒီလိုဆိုရင် ကျွန်မတို့ရဲ့ ဝါယမစိုက်ထုတ်မှုဟာ နည်းသွားပါလိမ့်မယ်။

**ဝိုင်းပြီးတော့ ရှာ**

“ကျွန်မတို့အတွက် လုံလောက်တဲ့တိုးတက်မှုမရှိတာကတော့ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာပါ။ အခြေခံပြဿနာတစ်ခုကတော့ လယ်ယာမြေပိုင်ဆိုင်မှုဖြစ်ပါတယ်။ လယ်ယာမြေပိုင်ဆိုင်မှုတွေနဲ့ပတ်သက်လို့ မကြာခဏ ပြည်သူတွေဆီကနေ မကျေနပ်တဲ့အသံတွေလည်း ကြားနေရသလို လွှတ်တော်အသီးသီးကလည်း ဒီအသံတွေကြားနေရပါတယ်။ ပြည်ထောင်စုလွှတ်တော်တင်မကဘူး တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်တွေမှာပါ လယ်ယာမြေကိစ္စတွေနဲ့ ပတ်သက်လို့ ပြည်သူတွေရဲ့ မကျေနပ်မှုတွေ ထုတ်ဖော်ပြောတာကို မကြာခဏ ကြားရပါတယ်။ ကျွန်မတို့ နိုင်ငံမှာ ၇၀ ရာခိုင်နှုန်းသော ပြည်သူတွေဟာ ကျေးလက်တောရွာဘက်မှာနေပြီးတော့ စိုက်ပျိုးရေးကို အားကိုးနေတဲ့ ပြည်သူများဖြစ်လို့ လယ်ယာမြေကဏ္ဍကို ပြည့်စုံအောင်၊ အများလက်ခံနိုင်အောင်၊ အများကျေနပ်လောက်အောင် မဖြေရှင်းနိုင်သရွေ့တော့ နိုင်ငံရဲ့တိုးတက်မှုဟာ လုံလောက်တယ်လို့ ဘယ်လိုမှပြောလို့ရမှာမဟုတ်ပါဘူး။

“နောက် ပြည်ပနဲ့ကုန်သွယ်မှုလိုငွေပါ။ ဒါဟာလည်း အားလုံးနဲ့ဆိုင်ပါတယ်။ စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေး တစ်ခုတည်းနဲ့ ဆိုင်တာမဟုတ်ပါဘူး။ စီမံကိန်းနှင့် ဘဏ္ဍာရေးတစ်ခုတည်းနဲ့ဆိုင်တာမဟုတ်ပါဘူး။ ပြည်ပနဲ့ ကုန်သွယ်မှုလိုငွေမပြဖို့ဆိုရင် တစ်နိုင်ငံလုံးက ပါဝင်ရမယ်။ ကျွန်မတို့ဟာ ဈေးကွက်စီးပွားရေးမှာ လှုပ်ရှားပြီးတော့ အောင်မြင်ဖို့ဆိုရင် ဆန်းသစ်တီထွင်နိုင်တဲ့ အရည်အချင်းတွေရှိရပါမယ်။ ကျွန်မ မကြာခဏ ပြောပါတယ်။ ဈေးကွက်ရှာရုံနဲ့ မလုံလောက်ဘူး။ ဈေးကွက်ကို လုပ်ယူရမယ်။ တီထွင်ယူရမယ်။ ကိုယ့်နိုင်ငံမှာရှိတဲ့ ပစ္စည်းတွေအတွက် ဈေးကွက်ကို ထူထောင်နိုင်ရမယ်။ ဒီလိုဆန်းစစ်ပြီးတော့ တီထွင်နိုင်တဲ့ စိတ်ဓာတ်တွေရှိမှ ကျွန်မတို့ဟာ တိုးနိုင်မှာ။ ကျွန်မတို့ဟာ အနောက်ကနေတက်လာတဲ့ နိုင်ငံဖြစ်လို့ အရှေ့ကိုရောက်ဖို့ဆိုတာ တခြားနိုင်ငံတွေထက် အဆပေါင်းများစွာ ပိုပြီးဝါယမစိုက်ထုတ်ရမယ်။ အဆပေါင်းများစွာ ဉာဏ်ပညာကို အားကိုးရမယ်။ ကျွန်မတို့နိုင်ငံရဲ့ ပညာရေးစနစ်ကြောင့် ပြည်သူတွေမှာ အားနည်းချက်တွေ ရှိခဲ့တယ်ဆိုပေမယ့်လည်း ဒီအားနည်းချက်တွေကို ဖြည့်ဆည်းနိုင်မယ့် နည်းတွေကိုရှာရမယ်။ တိုင်းဒေသကြီး၊ ပြည်နယ်တွေကလည်း ဝိုင်းပြီးတော့ ရှာရမှာဖြစ်ပါတယ်။

**အဆင်ပြေစေချင်**

“စီမံကိန်းတွေဆိုရင် အများပြည်သူအတွက် ဘယ်လို အကျိုးပြုလဲဆိုတာကို ပထမစဉ်းစားရမှာပါ။ ကိုယ့်ဌာနရဲ့လိုအပ်ချက်အတွက်လည်း မဟုတ်ဘူး။ ကိုယ့်ရဲ့တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရရဲ့ လိုအပ်ချက်အတွက်လည်း မဟုတ်ဘူး။ အများပြည်သူနဲ့ နိုင်ငံတစ်နိုင်ငံလုံးအတွက် ဘယ်လိုအကျိုးပြုနိုင်မလဲဆိုတာ ကြည့်ပြီးတော့ ဒီလိုစီမံကိန်းတွေကို ကျွန်မတို့ ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ ဘဏ္ဍာရေးကော်မတီအစည်းအဝေးမှာတုန်းကဆိုရင် တိုင်းဒေသကြီး၊ ပြည်နယ်အတော်များများကနေပြီးတော့ ဝန်ထမ်းအိမ်ရာ လိုအပ်ချက်တွေကိုတင်ပြတာ ကျွန်မ သတိပြုမိပါတယ်။

“ဝန်ထမ်းအိမ်ရာ လိုအပ်ချက်တွေ တင်ပြတယ်ဆိုတာ ဝန်ထမ်းတွေရဲ့ဘဝကို ပိုပြီးတော့ အဆင်ပြေစေချင်လို့။ အဆင်ပြေစေချင်လို့ဆိုတာဟာ ဝန်ထမ်းတွေဟာ နိုင်ငံရဲ့အကျိုးအတွက် ပိုပြီးတော့ ထိထိရောက်ရောက် လုပ်ဆောင်နိုင်စေချင်လို့ ကျွန်မ ဒီလိုပဲ နားလည်ပါတယ်။ သို့သော်ငြားလည်း ကျွန်မတို့ လုပ်ပေးနိုင်တဲ့အတိုင်းအတာဟာ ကျွန်မတို့မှာရှိတဲ့ ဘဏ္ဍာငွေ အင်အားနဲ့လည်း ကိုက်ညီအောင် ဆုံးဖြတ်ရပါတယ်။ တကယ်တော့ ပေးနိုင်

**✪ အုပ်ချုပ်ရေးပိုင်းဆိုင်ရာကို ပီပီပြင်ပြင် ကိုင်နိုင်မှသာလျှင် စီမံကိန်းတွေကို အကောင်အထည်ဖော်တဲ့နေရာမှာ လုံလောက်မှာဖြစ်၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဝန်ကြီးဌာနတွေရော၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေရော အုပ်ချုပ်ရေးပိုင်းဆိုင်ရာမှာ ပီပီပြင်ပြင် ထိထိရောက်ရောက် လုပ်နိုင်ဖို့ အင်မတန်မှအရေးကြီး၊ ဒီလို ပီပီပြင်ပြင် ထိထိရောက်ရောက် မလုပ်နိုင်ဘဲ စီးပွားရေးဘက်ရော၊ နိုင်ငံရေးဘက်ကရော လိုအပ်တဲ့ တိုးတက်မှုတွေ ရနိုင်မှာမဟုတ်။**

**✪ တစ်ယောက်နဲ့ တစ်ယောက် ပူးပေါင်းဆောင်ရွက်ဖို့ကို အလေးထားရမယ်၊ တစ်ယောက်နဲ့ တစ်ယောက် ပြိုင်နေတာမဟုတ်၊ အားလုံးစုပေါင်းပြီး နိုင်ငံ့အကျိုးအတွက် လုပ်နေတာဖြစ်၊ အဲဒီလိုစိတ်နဲ့ ဆက်ပြီး ကြိုးစားစေချင်။**

**✪ ကျွန်မတို့ လုပ်တဲ့၊ အကောင်အထည်ဖော်တဲ့ စီမံကိန်းအားလုံးဟာ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းရေးအတွက် အကျိုးပြုရဲ့လားဆိုတာကို ထည့်တွက်စဉ်းစားပြီးမှ အကောင်အထည်ဖော်စေချင်၊ ဒါကြောင့် တိုင်းဒေသကြီး၊ ပြည်နယ်နဲ့ ဗဟိုအစိုးရအကြား ဆက်ဆံရေးဟာ အင်မတန်မှ အရေးကြီး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတစ်ခု ဖြစ်သွားပြီဆိုရင် ပိုပြီးတော့ အရေးကြီးလာပါပြီ၊ အခုစပြီး အုတ်မြစ်ချရမှာဖြစ်၊ ကျွန်မတို့ရဲ့ ဆက်ဆံရေးနဲ့ အုပ်ချုပ်ရေး ကိုင်တွယ်နည်းတွေဟာ အနာဂတ်အတွက် အရေးပါတဲ့ကိစ္စတွေပါ။**

**✪ နိုင်ငံရဲ့ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေအားလုံးကို ပြည်သူလူထုရဲ့ ညီညွတ်မှု၊ ထောက်ခံမှုနဲ့ ကျော်လွှားနိုင်မယ်ဆိုတာ ယုံမှားသံသယ ဖြစ်စရာမလို၊ ပြည်သူလူထုရဲ့ ညီညွတ်တဲ့ ထောက်ခံမှုရဖို့ဆိုတာ ကျွန်မတို့ အစိုးရက တာဝန်ကျေဖို့လို။**

ရင်တော့ လိုသမျှအားလုံး ကျွန်မတို့ ဖြည့်ဆည်းပေးချင်တာပေ့ါ။ ပြီးတော့ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေကလည်း ကိုယ့်ဘက်ကလည်း ဘယ်လိုပိုပြီးတော့ ဝင်ငွေရှာမလဲဆိုတာလည်း ပိုပြီးတော့ စဉ်းစားစေချင်ပါတယ်။ ကိုယ်လိုအပ်တဲ့ ပံ့ပိုးမှုတွေ၊ အကောင်အထည်ဖော်ချင်တဲ့ စီမံကိန်းတွေအတွက် တိုင်းဒေသကြီး၊ ပြည်နယ်တွေကလည်း ပိုပြီးတာဝန်ယူတဲ့ စိတ်ဓာတ်နဲ့ငါတို့ ဒီလိုစီမံကိန်းတွေ အကောင်အထည်ဖော်ဖို့အတွက် ဘယ်လိုလုပ်မလဲ။ ဘယ်လိုပုံစံနဲ့ပိုပြီးတော့ ဝင်ငွေရှာမလဲ။ ဘယ်လိုပုံစံနဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ ဆက်သွယ်ပြီးတော့ လုပ်မလဲဆိုတာ စဉ်းစားစေချင်ပါတယ်။

**အထောက်အကူပြုပေး**

“ကျွန်မတို့နိုင်ငံဟာ Private Public Partnership ပုဂ္ဂလိကနဲ့ အစိုးရနဲ့ ညှိနှိုင်းပြီးတော့ ပူးပေါင်းပြီးတော့ လုပ်တဲ့စီမံကိန်းတွေကို ဦးတည်ဖို့လိုပါတယ်။ ကျွန်မတို့ နိုင်ငံရဲ့ လက်ရှိ စီးပွားရေး၊ နိုင်ငံရေးအခြေအနေအရဆိုရင် ဒီလိုပူးပေါင်းဆောင်ရွက်မှုတွေကို အောင်မြင်အောင် လုပ်ဆောင်နိုင်ခြင်းအားဖြင့် ကျွန်မတို့ စီးပွားရေးတိုးတက်မှုနဲ့ နိုင်ငံရေးတည်ငြိမ်မှုအတွက် အများကြီး အထောက်အကူပြုပေးနိုင်မှာပါ။ ကျွန်မတို့ စီးပွားရေးနှင့် နိုင်ငံရေးကို ခွဲလို့မရပါဘူး။ ဒါ့ကြောင့် ကျွန်မတို့ ဒီလိုစီမံကိန်းတွေ အကောင်အထည်ဖော်တဲ့အခါမှာ စီးပွားရေးအကျိုးအမြတ် တစ်ခုတည်းကိုပဲ ကြည့်နေလို့မရပါဘူး။ ကြည့်လို့မဖြစ်ပါဘူး။ ကျွန်မတို့ နိုင်ငံရေးအတွက် ဘယ်လို ပံ့ပိုးမှုဖြစ်နိုင်မယ် ဆိုတာကို ကြည့်ရပါမယ်။

“နိုင်ငံရေးနဲ့စီးပွားရေးနှစ်ခုကို ဒွန်တွဲပြီးကြည့်မှသာလျှင် ကျွန်မတို့ နိုင်ငံနဲ့ သင့်တော်တဲ့စီမံကိန်းတွေကို ကျွန်မတို့ ဆုံးဖြတ်နိုင်မှာပါ။ အဲဒါကြောင့် ကျွန်မတို့ရဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများကလည်း နိုင်ငံရေး၊ စီးပွားရေး အမြင်နှစ်ခုနဲ့ စီမံကိန်းတွေကို ချဉ်းကပ်ပါ၊ အောင်မြင်အောင်လုပ်ပါလို့ ကျွန်မ အနေနဲ့ ဆော်ဩချင်ပါတယ်။ နောက်တစ်ခုက ကျွန်မတို့ အခုနိုင်ငံရေး၊ စီးပွားရေးတိုးတက်မှုတွေရအောင် လုပ်တဲ့နေရာမှာ လွှတ်တော်များနဲ့ အစိုးရများ အကြား ပူးပေါင်းဆောင်ရွက်မှုဟာ အင်မတန်မှအရေးကြီးပါတယ်။ ဒီပြည်ထောင်စုအဆင့်မှာတော့ ပြည်ထောင်စုလွှတ်တော်နဲ့ ပြည်ထောင်စု အစိုးရကြားမှာ ပူးပေါင်းဆောင်ရွက်မှုဟာ အရေးကြီးသလို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာလည်း တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်တွေနဲ့ အစိုးရတွေကြားမှာ ပူးပေါင်းဆောင်ရွက်မှုဟာ အင်မတန်မှ အရေးကြီးပါတယ်။

**ဆက်ဆံရေးကောင်းဖို့**

“တချို့တွေက လွှတ်တော်ရဲ့ကဏ္ဍနဲ့ အစိုးရရဲ့ကဏ္ဍကို မြင်တဲ့ဟာမှာ အမြင်နည်းနည်းစောင်းနေတယ်လို့ ကျွန်မတို့ မြင်ပါတယ်။ တစ်ယောက်နဲ့ တစ်ယောက် ပြိုင်ဘက်လို တချို့က မြင်ပါတယ်။ ဒီလို တစ်ယောက်နဲ့ တစ်ယောက် ထိန်းသွားတယ်ဆိုတာဟာ အကောင်းအတွက်ပါ။ တစ်ဖက်က တစ်ဖက်ကိုမမှားအောင် ထိန်းသွားတဲ့သဘောပါ။ ထိန်းကွပ်သွားတဲ့သဘောပါ။ ပြိုင်ဘက်အနေနဲ့ ထိန်းကွပ်သွားတာ မဟုတ်ပါဘူး။ အစိုးရကနေပြီးတော့ လွှတ်တော်ရဲ့ လုပ်ပိုင်ခွင့်ကို ချုပ်ချယ်ချင်လို့၊ လွှတ်တော်က အစိုးရရဲ့ လုပ်ပိုင်ခွင့်ကို ချုပ်ချယ်ချင်လို့ဆိုတဲ့ စိတ်ဓာတ်နဲ့ ထိန်းကွပ်သွားရမှာ မဟုတ်ပါဘူး။ တစ်ဖက်နဲ့တစ်ဖက် ဘယ်လိုကူညီပြီးတော့ နိုင်ငံ့အကျိုးကို ထမ်းဆောင်နိုင်မလဲဆိုတာကို ကြည့်ပြီးတော့ လုပ်သွားရမှာဖြစ်ပါတယ်။

“ဒီစီမံကိန်းတွေနဲ့ပတ်သက်ရင် အားလုံးသိပြီးသားပါ။ ဒါဟာလွှတ်တော်နဲ့လည်းဆိုင်တယ်။ အစိုးရအဖွဲ့နဲ့လည်းဆိုင်တယ်။ အစိုးရဘက်က ကိုယ်လိုချင်တဲ့ စီမံကိန်းကို ကိုယ်လုပ်ချင်သလိုလုပ်လို့လည်း အမြဲရတာမဟုတ်ဘူး။ လွှတ်တော်နဲ့ ညှိနှိုင်းပြီးတော့ လွှတ်တော်ရဲ့ သဘောထားယူပြီးတော့ လုပ်ရတာတွေလည်းအများကြီးရှိပါတယ်။ ဒါကြောင့် ဆက်ဆံရေးကောင်းဖို့ဆိုတာ အားလုံးမှာ တာဝန်ရှိပါတယ်။ လွှတ်တော်ဘက်မှာ တာဝန်ရှိသလို အစိုးရဘက်မှာလည်း တာဝန်ရှိပါတယ်။

**ရေတိုပန်းတိုင်တွေ**

“ကျွန်မတို့နိုင်ငံရဲ့ စီမံကိန်းတွေရဲ့ အခြေအနေကို သမ္မတကြီးက ပြောကြားပြီးသွားပါပြီ။ နောက်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ပြည်နယ်များရဲ့ အခြေအနေကို အားလုံးသိရှိပြီးဖြစ်ပါတယ်။ အားလုံးကို ခြုံငုံပြီး ပြောရမယ်ဆိုရင် ကျွန်မတို့ တိုးတက်မှုမရှိဘူးလားဆိုတော့ တိုးတက်မှုရှိပါတယ်။ အရင်နှစ်ကထက်စာရင် တိုးတက်ပါတယ်။ တိုးတက်မှုက အမှန်ပြောရရင် တချို့ ထင်တာထက်များပါတယ်။ ကျွန်မတို့ သေသေချာချာ လေ့လာတဲ့အခါကျတော့ ကျွန်မတို့ရဲ့ စီးပွားရေးတိုးတက်မှုက ထင်တာထက်မြန်တယ်။ နိုင်ငံရေးတိုးတက်မှုကလဲ ထင်တာထက် မြန်ဆန်ပါတယ်ဆိုပြီး နိုင်ငံတကာ လေ့လာရေးအဖွဲ့တွေက ကျွန်မတို့ကို ပြောထားတာရှိပါတယ်။

“ဒါပေမယ့် ဒါနဲ့ ကျွန်မတို့ ကျေနပ်နေလို့ မဖြစ်ပါဘူး။ ကျွန်မတို့ နိုင်ငံအတွက် စိန်ခေါ်မှုတွေက အင်မတန်မှများပါတယ်။ အခက်အခဲတွေက အများကြီး ကျော်ဖြတ်စရာရှိပါတယ်။ ဒါကြောင့် ဆတက်ထမ်းပိုး တိုးပြီးတော့ ကြိုးစားမှ ကျွန်မတို့ နိုင်ငံအတွက် တိုးတက်မှုရနိုင်မှာပါ။ ပန်းတိုင်လို့ ကျွန်မ မပြောလိုပါဘူး။ နိုင်ငံတစ်နိုင်ငံရဲ့ ပန်းတိုင်ဆိုတာက ဘယ်တော့မှ ရောက်တယ်မရှိပါဘူး။ ကမ္ဘာကြီးတည်သရွေ့ ကျွန်မတို့ဟာ ရှေ့ကိုဆက်သွားနေရမယ်။ ပန်းတိုင်ကို ရောက်ပါပြီဆိုပြီး ကျွန်မတို့ ထိုင်နေရမယ့်အချိန် ဘယ်တော့မှ ရောက်မှာမဟုတ်ပါဘူး။ သို့သော်လည်း ရေတိုပန်းတိုင်တွေတော့ ကျွန်မတို့ သတ်မှတ်လို့ရပါတယ်။ ဒီတစ်နှစ်အတွင်း ကျွန်မတို့ ဘယ်လောက်ထိ ဖြစ်အောင်လုပ်မယ်။ ခြောက်လအတွင်း ဘယ်လောက်ထိ ဖြစ်အောင်လုပ်မယ်။ တစ်နှစ်အတွင်း၊ ခြောက်လအတွင်း ဖြစ်မြောက်ရေးအတွက်ဆိုတာ တစ်ရက်ချင်း၊ တစ်ရက်ချင်း လုပ်သွားရမယ့် ကိစ္စတွေဖြစ်ပါတယ်။

**ဝိုင်းဝန်းပြီးကူညီကြ**

“တစ်ရက်ချင်း၊ တစ်ရက်ချင်း လုပ်သွားရမယ့် ကိစ္စဆိုရင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတွေက အရေးကြီးပါတယ်။ အုပ်ချုပ်ရေးပိုင်းဆိုင်ရာကို ပီပီပြင်ပြင် ကိုင်နိုင်မှသာလျှင် ကျွန်မတို့ရဲ့ စီမံကိန်းတွေကို အကောင်အထည်ဖော်တဲ့နေရာမှာ လုံလောက်မှာဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ ဝန်ကြီးဌာနတွေရော၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေရော အုပ်ချုပ်ရေးပိုင်းဆိုင်ရာမှာ ပီပီပြင်ပြင် ထိထိရောက်ရောက် လုပ်နိုင်ဖို့ဟာ အင်မတန်မှအရေးကြီးပါတယ်။ ဒီလို ပီပီပြင်ပြင် ထိထိရောက်ရောက် မလုပ်နိုင်ဘဲနဲ့တော့ ကျွန်မတို့ စီးပွားရေးဘက်ရော၊ နိုင်ငံရေးဘက်ကရော လိုအပ်တဲ့ တိုးတက်မှုတွေ ကျွန်မတို့ ရနိုင်မှာ မဟုတ်ပါဘူး။

“စောစောက ကျွန်မပြောသွားသလိုပဲ၊ တစ်ယောက်နဲ့ တစ်ယောက် ပူးပေါင်းဆောင်ရွက်ဖို့ကို အလေးထားရမယ်။ တစ်ယောက်နဲ့ တစ်ယောက် ပြိုင်နေတာ မဟုတ်ပါဘူး။ အားလုံးစုပေါင်းပြီး နိုင်ငံ့အကျိုးအတွက် လုပ်နေတာဖြစ်ပါတယ်။ အဲဒီလိုစိတ်နဲ့ ဆက်ပြီးကြိုးစားစေချင်ပါတယ်။ သမ္မတကြီး မှာကြားတဲ့အတိုင်း ကျွန်မတို့ရဲ့ နိုင်ငံအတွက် လိုအပ်တဲ့တိုးတက်မှုတွေရအောင်လို့ ဝိုင်းဝန်းပြီးကူညီကြပါ။ နောင်အနာဂတ်မှာ ဖြစ်ပေါ်လာမယ့် တာဝန်တွေနဲ့ လုပ်ပိုင်ခွင့်တွေအတွက်လည်း ထည့်ပြီး စဉ်းစားရပါမယ်။ အဲဒါက ဘာလဲဆိုတော့ တချို့တွေက ရာသီဥတုပြောင်းလဲမှုကိစ္စနဲ့ ပတ်သက်ပြီး ရာသီဥတုပြောင်းလဲမှုရှိတယ်ဆိုတာ သိရဲ့သားနဲ့ ရာသီဥတုပြောင်းလဲမှုအတွက် ပြင်ဆင်မှုတွေ နည်းနေတယ်လို့ ကျွန်မမြင်တယ်။ ရာသီဥတု ပြောင်းလဲသွားတယ်။ တချို့ဆိုရင် မုန်တိုင်းတွေဖြစ်တာကို မထင်မမှတ်တဲ့ သဘာဝဘေးအန္တရာယ်ကျရောက်တယ်လို့ ပြောကြပါတယ်။ အခုက မထင်မှတ်စရာအကြောင်း မရှိတော့ပါဘူး။ ဒီမုန်တိုင်းတွေက ပုံမှန်လာတော့မယ်ဆိုတာ ရာသီဥတု အပြောင်းအလဲနဲ့ ဆက်စပ်နေပါတယ်။ ဒါကိုလည်း ပညာရှင်တွေက ပြောထားပြီးပါပြီ။ နောင်ရာသီဥတုအပြောင်းအလဲကြောင့် ဒီနိုင်ငံမှာ အရင်လိုမဟုတ်တော့ဘူးဆိုတာ ပြောထားပြီးပါပြီ။ နောင်ဖြစ်မယ့်ဟာတွေကို တွက်ထားပြီးတော့ အခုကတည်းကနေပြီး ပြင်ဆင်ပြီး လုပ်ရမှာဖြစ်ပါတယ်။ ဒါစီမံကိန်းတွေကို စီစဉ်တဲ့အခါမှာလည်း ရာသီဥတုပြောင်းလဲမှုရဲ့ အကျိုးဆက်တွေကို ထည့်တွက်ဖို့ လိုပါတယ်။ ဒါအနာဂတ်အတွက် တွက်တယ်ဆိုတာ ဒါတွေကို ပြောတာဖြစ်ပါတယ်။

**ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု**

“အနာဂတ်အတွက် လိုအပ်ချက်တစ်ခုက ကျွန်မတို့ ဦးတည်နေတာ ဘယ်ကို ဦးတည်နေတာလဲ။ အားလုံးသိတဲ့အတိုင်း ကျွန်မတို့ဟာ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကို ဦးတည်နေတာပါ။ ကျွန်မတို့ လုပ်တဲ့၊ အကောင်အထည်ဖော်တဲ့ စီမံကိန်းအားလုံးဟာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းရေးအတွက် အကျိုးပြုရဲ့လားဆိုတာကို ထည့်တွက်စဉ်းစားပြီးမှ အကောင်အထည်ဖော်စေချင်ပါတယ်။ ဒါကြောင့် ကျွန်မ စောစောကပြောသလို တိုင်းဒေသကြီး၊ ပြည်နယ်နဲ့ ဗဟိုအစိုးရအကြား ဆက်ဆံရေးဟာ အင်မတန်မှ အရေးကြီးပါတယ်။

စာမျက်နှာ ၉ သို့ ☆

# ဒုတိယအကြိမ် လွှတ်တော်အသီးသီး၏ သတ္တမပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေး အစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၉**

ဒုတိယအကြိမ် လွှတ်တော်အသီးသီး၏ သတ္တမပုံမှန် အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဗဟိုကော်မတီနှင့်လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ၂၀၁၈ ခုနှစ် လွှတ်တော် အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီနာယက ပြည်ထောင်စု လွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဒုတိယအကြိမ်လွှတ်တော်အသီးသီး၏ သတ္တမပုံမှန်အစည်းအဝေးများကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်တွင် ကျင်းပရန် ကြေညာထားပြီးဖြစ်ကြောင်း၊ ယခုကျင်းပမည့် လွှတ်တော်အစည်းအဝေးတွင် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ၆ လ အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်းတို့အား အတည်ပြုပြဋ္ဌာန်းနိုင်ရေးအပါအဝင် အခြားဦးစားပေးရမည့် လွှတ်တော်ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခင်ကျင်းပပြီးစီးခဲ့သည့် ပုံမှန်အစည်းအဝေးများကို တာဝန်ရှိပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအားလုံးပူးပေါင်း ဆောင်ရွက်ပေးခဲ့သည့်အတွက် အောင်အောင်မြင်မြင်နှင့် ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း၊ အရေးကြီးဆုံးဖြစ်သည့် လုံခြုံရေးကိစ္စအပါအဝင် အခြားကိစ္စရပ်များကို ယခင်လွှတ်တော်အစည်းအဝေးများကဲ့သို့ ဆောင်ရွက်ထားပြီးဖြစ်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီနာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကျင်းပပြုလုပ်ခဲ့သည့် လွှတ်တော်ပုံမှန် အစည်းအဝေးများတွင် ဝန်ကြီးဌာနအသီးသီးအနေဖြင့် လွှတ်တော်နှင့် နားလည်မှုရှိစွာ ပူးပေါင်း ဆောင်ရွက်ပေးခဲ့သည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ လွှတ်တော်လုံခြုံရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများက အလေးထားဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း အထူးအသိအမှတ်ပြုပါကြောင်း၊ တက်ရောက်လာကြသည့် ဌာနအဖွဲ့အစည်းအသီးသီးမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများကို ကျေးဇူးတင်ရှိကြောင်းနှင့် လွှတ်တော်နှင့် အပြန်အလှန် နားလည်မှုရှိခြင်းသည်လည်း ကောင်းမွန်သည့် အစဉ်အလာဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုလွှတ်တော် နာယကတို့က ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေး၍ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကနှင့် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီ အတွင်းရေးမှူးများ၊ လွှတ်တော်ရုံးအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ (MPU) အစည်းအဝေး(၁/၂၀၁၈)ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၉**

မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ (Myanmar Parliamentary Union-MPU) အစည်းအဝေး (၁/၂၀၁၈)ကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာ အဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက အဖွင့်အမှာစကားပြောကြားရာတွင် ပြည်ထောင်စုအဆင့် လွှတ်တော်များနှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များ အကြားတွင်လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ် လွှတ်တော်များ အချင်းချင်းအကြားတွင်လည်းကောင်း လွှတ်တော်ဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်း အဖြေရှာကြရမည့် ကိစ္စရပ်များရှိကောင်းရှိနိုင်ပါကြောင်း၊ သို့ဖြစ်၍ မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ ဖွဲ့စည်းထားရခြင်း၏ ရည်ရွယ်ချက်နှင့်အညီ ယခု အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ပါကြောင်း။



ဒုတိယအကြိမ် လွှတ်တော်များဖွဲ့စည်းခဲ့ရာ ယခုလကုန်ဆိုလျှင် သက်တမ်း ၂ နှစ် ပြည့်ပြီဖြစ်ပါကြောင်း၊ ကျန်သည့် သက်တမ်းကာလတွင် ပြည်ထောင်စုအဆင့် လွှတ်တော်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များက ညှိနှိုင်းပေါင်းစပ်ပြီး ဥပဒေနှင့်အညီ လုပ်ဆောင်သွားကြရမည့် ကိစ္စရပ်များအတွက် အကြံပြုဆွေးနွေးကြရန် တိုက်တွန်းပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်ရုံး အသီးသီးဖွဲ့စည်းမှုကို သက်ဆိုင်ရာ လွှတ်တော်အကြီးအမှူးများ၏ စီမံခန့်ခွဲမှုနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များသာမက ပြည်ထောင်စုအဆင့် လွှတ်တော်ရုံးအသီးသီးက ညှိနှိုင်းသတ်မှတ်ထားသည့် ဝန်ထမ်းရေးရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ယခုအစည်းအဝေးသည် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့၏ ၂၀၁၈ ခုနှစ်အတွက် ပထမအကြိမ် အစည်းအဝေးဖြစ်ကြောင်း၊ ဒုတိယအကြိမ်လွှတ်တော်သက်တမ်း၏ နှစ်နှစ်ပြည့်သည့်ကာလတွင် လွှတ်တော်များ၏ အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်စေလိုကြောင်း၊ မိမိတို့လွှတ်တော်များ၏ အောင်မြင်မှုမည်မျှရှိသည်ကို စံချိန်စံညွှန်းများနှင့် တိုင်းတာရန်လိုအပ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံတွင် အခြေခံမဏ္ဍိုင်ဖြစ်သည့် လွှတ်တော်သည် အခြားမဏ္ဍိုင်များနှင့် အပြန်အလှန်ထိန်းကျောင်းမှုပြုရာတွင် ဟန်ချက်ညီရန်လိုအပ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များက မိမိတို့ဒေသအတွင်း တွေ့ကြုံရသည့် အခက်အခဲများရှိလျှင် တင်ပြစေလိုကြောင်း၊ ဒီမိုကရေစီအုတ်မြစ်ခိုင်မာရန်အတွက် ဥပဒေပြုမဏ္ဍိုင်ကအရေးကြီးကြောင်း ပြောကြားသည်။ **(ဝဲပုံ)**

ယင်းနောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးအေးသာအောင်က မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့အစည်းအဝေး (၂/၂၀၁၇) ဆုံးဖြတ်ချက်များ အပါအဝင် ၂၀၁၆ ခုနှစ် မတ်လ ၁ ရက်မှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်အထိ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ အဖွဲ့ဝင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်က လွှတ်တော်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြီး မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ရုံးအဖွဲ့မှူး ပြည်ထောင်စု လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ရုံးများ၏ လက်ရှိဖွဲ့စည်းထားရှိမှု အခြေအနေနှင့် လွှတ်တော်ရုံးဝန်ထမ်းရေးရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့တတ်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများက လွှတ်တော်ဆိုင်ရာကိစ္စရပ်များနှင့် လွှတ်တော်အလိုက် ဆောင်ရွက်ထားရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြခြင်း၊ အထွေထွေဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုလွှတ်တော်နာယကတို့က ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်း၍ လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

**ဒီမိုကရေစီနိုင်ငံတွင် အခြေခံမဏ္ဍိုင်ဖြစ်သည့် လွှတ်တော်သည် အခြားမဏ္ဍိုင်များနှင့် အပြန်အလှန်ထိန်းကျောင်းမှုပြုရာတွင် ဟန်ချက်ညီရန်လိုအပ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များက မိမိတို့ဒေသအတွင်း တွေ့ကြုံရသည့် အခက်အခဲများရှိလျှင် တင်ပြစေလိုကြောင်း၊ ဒီမိုကရေစီအုတ်မြစ် ခိုင်မာရန်အတွက် ဥပဒေပြု မဏ္ဍိုင်ကအရေးကြီး**

**သတင်းစဉ်**

☆ စာမျက်နှာ ၇ မှ
ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတစ်ခုဖြစ်သွားပြီဆိုရင် ပိုပြီးတော့အရေးကြီးလာပါပြီ၊ အဲဒီဟာအတွက် အခု ကျွန်မတို့ကစပြီး အုတ်မြစ်ချရမှာဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ ဆက်ဆံရေးနဲ့ အုပ်ချုပ်ရေး ကိုင်တွယ်နည်းတွေဟာ အနာဂတ်အတွက် အရေးပါတဲ့ကိစ္စတွေပါ။

"နိဂုံးချုပ်အနေနဲ့ ကျွန်မတို့နိုင်ငံရဲ့ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေအားလုံးကို ပြည်သူလူထုရဲ့ ညီညွတ်မှု၊ ထောက်ခံမှုနဲ့ ကျော်လွှားနိုင်မယ်ဆိုတာ ယုံမှားသံသယဖြစ်စရာ မလိုပါဘူး၊ သို့သော်ငြားလည်း ပြည်သူလူထုရဲ့ ညီညွတ်တဲ့ထောက်ခံမှုရဖို့ဆိုတာ ကျွန်မတို့အစိုးရက တာဝန်ကျေဖို့ လိုပါတယ်၊ ပြည်သူနဲ့ပတ်သက်ပြီး တာဝန်ကျေမှ ပြည်သူတွေရဲ့ ဓမ္မဓိဋ္ဌာန်ကျတဲ့ ရည်မှန်းချက်တွေကို ကျွန်မတို့ ဖြည့်ဆည်းပေးနိုင်မှလည်း သူတို့က ကျွန်မတို့ကို ထောက်ခံမှာပါ။ အားလုံးကို ကျွန်မ မလုပ်ပေးနိုင်ပါဘူး၊ လူတိုင်း လူတိုင်းရဲ့ ဆန္ဒကို ဖြည့်ဆည်းပေးဖို့ဆိုတာ မဖြစ်နိုင်ပါဘူး၊ ဒါပေမယ့် ပြည်သူလူထုရဲ့ လိုအပ်ချက်တွေဟာ အမှန်တကယ် ဖြစ်သင့်ဖြစ်ထိုက်တဲ့၊ လုပ်ပေးထိုက်တဲ့ ကိစ္စတွေဆိုရင် ကျွန်မတို့ဟာ လုပ်ပေးဖို့ တာဝန်ရှိပါတယ်။ ဒီလို မလုပ်ပေးနိုင်ဘဲနဲ့ ပြည်သူရဲ့ ထောက်ခံမှုနဲ့ ပြည်သူရဲ့ ညီညွတ်တဲ့ပံ့ပိုးမှုကို မျှော်လင့်စရာအကြောင်းမရှိပါဘူး။ ကိုယ့်တာဝန်မကျေဘဲနဲ့ ပြည်သူကလည်း တာဝန်ကျေမယ်ဆိုပြီး ကျွန်မတို့ ပြောလို့မရပါဘူး။ ဒီလို ပြောခြင်းအားဖြင့် ကျွန်မတို့ အစိုးရက တာဝန်မကျေဘူးလို့ ပြောတာမဟုတ်ပါဘူး။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေကိုလည်း တာဝန်မကျေဘူးလို့ ပြောတာမဟုတ်ပါဘူး၊ တာဝန်ပိုသထက်ပိုပြီးတော့ ပိုကျေအောင်လို့ တစ်နေ့ထက်တစ်နေ့ ဆက်ပြီးကြိုးစားသွားကြပါ။ ကိုယ့်ကိုယ်ကိုယ် ကျေနပ်ပြီး မနေကြပါနဲ့၊ ဘယ်တော့မှ မကျေနပ်နိုင်ဘူး၊ အစိုးရအလုပ်ဆိုတာ ဘယ်တော့မှ ကျေနပ်နိုင်စရာမရှိဘူးဆိုတဲ့ စိတ်ထားနဲ့ တိုးတက်မှုကို ဦးတည်ကြပါ"ဟု ပြောကြားသည်။

ထို့နောက် အမျိုးသားစီမံကိန်းကော်မရှင် အတွင်းရေးမှူး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လ အမျိုးသားစီမံကိန်း(အဆိုပြုမူကြမ်း) ရေးဆွဲဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတက "ဒီနေ့အစည်းအဝေးမှာ ညှိနှိုင်းဆွေးနွေးအတည်ပြုခဲ့တဲ့ အမျိုးသားစီမံကိန်းဥပဒေကြမ်းဟာ ၂၀၁၈ ခုနှစ် ဧပြီလကနေ စက်တင်ဘာလအထိ ခြောက်လတာကာလအတွက်သာဖြစ်ပေမယ့် ယခင်နှစ်စဉ် အမျိုးသားစီမံကိန်းဥပဒေကြမ်းများကဲ့သို့ပင် ရေးဆွဲခြင်း၊ အတည်ပြုချက်ရယူခြင်း၊ အကောင်အထည်ဖော်ခြင်းတွေကို သတ်မှတ်ပြဋ္ဌာန်းထားတဲ့ နည်းလမ်းတွေအတိုင်း ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ အဲဒီခြောက်လ စီမံကိန်းကို ရေးဆွဲရာမှာ ပြည်သူတွေရဲ့ လတ်တလောလိုအပ်ချက်တွေနဲ့ တိုင်းပြည် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်တွေကို နိုင်ငံတော်က ခွင့်ပြုပေးနိုင်တဲ့ ဘတ်ဂျက်ဘောင်အတွင်းက ပေါင်းစပ်ရေးဆွဲတာ ဖြစ်ပေမယ့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းတွေကိုလည်း အလေးထားပြီး ပေါင်းစပ်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါ့အပြင် ဘဏ္ဍာရေးမူဝါဒ၊ ငွေကြေးမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒတွေနဲ့လည်း အချိတ်အဆက်မိမိ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မယ့် အစီအစဉ်တွေကိုလည်း ချမှတ်ရေးဆွဲဖို့လိုအပ်ပါတယ်။

"ပြည်ထောင်စုဝန်ကြီးဌာနတွေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တွေအနေနဲ့ စီမံကိန်းတွေ ရေးဆွဲအကောင်အထည်ဖော်တဲ့အခါ နယ်ပယ်ဧရိယာတစ်ခုတည်းမှာ စီမံကိန်းလုပ်ငန်းတွေ ထပ်မနေအောင်လည်း သတိပြုဖို့လိုအပ်ပါတယ်။ စီမံကိန်းတွေ ရေးဆွဲအကောင်အထည်ဖော်ကြတဲ့အခါမှာ ပြည်ထောင်စုဝန်ကြီးဌာနတွေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တွေအကြား အချင်းချင်းအချိတ်အဆက်မိမိ ဆက်သွယ်လုပ်ဆောင်ဖို့လည်း မှာကြားလိုပါတယ်။

"စီမံကိန်းအကောင်အထည်ဖော်မှု အခြေအနေတွေကို စီမံကိန်းကာလတစ်လျှောက်လုံး မျက်ခြည်မပြတ် တစိုက်မတ်မတ် ကြီးကြပ်သုံးသပ်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒါမှသာ ရေရှည်တည်တံ့ခိုင်မြဲတဲ့ စီးပွားရေးပုံသဏ္ဌာန်ပြောင်းလဲမှုနဲ့ အချိုးကျမျှတတဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ် ရောက်ရှိမှာ ဖြစ်ပါတယ်။

"၂၀၁၈ ခုနှစ် ဧပြီလကနေ စက်တင်ဘာလအထိ ခြောက်လတာ ကာလ အမျိုးသားစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်တဲ့အခါမှာ ယခင်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခဲ့တဲ့ အမျိုးသားစီမံကိန်းတွေကနေ ရရှိခဲ့တဲ့ အားသာချက်တွေကို ဆက်လက်ထိန်းသိမ်းရမှာဖြစ်သလို တွေ့ကြုံဖြစ်ပေါ်ခဲ့တဲ့ အားနည်းချက်တွေကို စိစစ်သုံးသပ်ပြီး ပြုပြင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အလားတူ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအတွက် ဦးစားပေးအစီအစဉ်တွေ၊ လုပ်ငန်းရပ်တွေ၊ လုပ်နည်းစနစ်တွေကို ဖော်ထုတ်ချမှတ်နိုင်ဖို့အတွက်လည်း ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားဖို့ လိုအပ်ပါတယ်"ဟု မှာကြားသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီး ဝန်ကြီးချုပ် ရာထူးမှ နုတ်ထွက်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၁/၂၀၁၈
၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်
(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်)

**တိုင်းဒေသကြီး ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (က) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၅၂၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် မန်းဂျော်နီ ကို ယင်း၏ သဘောဆန္ဒအလျောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီး ရာထူးမှ နုတ်ထွက်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၂/၂၀၁၈
၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်
(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်)

**ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီး ရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (က)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၅၂၊ ပုဒ်မခွဲ(ခ)တို့ပါ ပြဋ္ဌာန်းချက်များအရ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီး ဦးဘဟိန်း ကို ယင်း၏ သဘောဆန္ဒအလျောက် တိုင်းဒေသကြီး ဝန်ကြီး ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

❒ ဒုတိယသမ္မတမှ
အန်ကောဝပ် ဘုရားကျောင်းတော်ကြီးသည် အန်ကောဒေသရှိ အဆောက်အအုံများအနက် အကြီးဆုံးဖြစ်သည်။ အန်ကောဝပ်ကျောင်းတော်အား ၁၉၉၂ ခုနှစ်တွင် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့(UNESCO)က ကမ္ဘာ့အမွေအနှစ်များစာရင်းတွင် အသိအမှတ်ပြုထည့်သွင်းထိန်းသိမ်းထားကြောင်း သိရသည်။

ယင်းနောက် တာ့ပရှန်းဘုရားကျောင်းတော်သို့ သွားရောက်ကာ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ကျောင်းတော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။ အဆိုပါကျောင်းတော်ကို ၁၉၉၂ ခုနှစ်တွင် ယူနက်စကိုမှ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတသည် ဘေရွန်ကျောင်းတော်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဘေရွန်ကျောင်းတော် (Bayon)သည် အန်ကောဝပ်ပြီးလျှင် ထင်ရှားပြီး အကျော်ကြားဆုံး ဒုတိယမြောက် လက်ရာအမြောက်ဆုံးနေရာတစ်ခုဖြစ်ကြောင်း သိရသည်။ ယင်းနောက် ဒုတိယသမ္မတသည် ဆီရမ်ရိမြို့မှ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာခဲ့ကြပြီး ဖနောင်ပင်မြို့သို့ ညနေပိုင်း တွင် ရောက်ရှိကြရာ ကမ္ဘောဒီးယားနိုင်ငံ ပြည်သူ့လုပ်ငန်းနှင့်ပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီး Mr. Sun Chanthol နှင့်တာဝန်ရှိသူများက ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ဖနောင်ပင် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**

# တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စင်ကာပူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် ဇန်နဝါရီ ၉**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စင်ကာပူ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် Lt. Gen. Perry Lim အား ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး စင်ကာပူ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။ ညစာသုံးဆောင်နေစဉ်အတွင်း ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ မြဝတီ တေးဂီတအဖွဲ့က တေးသီချင်းများ၊ အကပဒေသာများဖြင့် သီဆိုကပြ ဖျော်ဖြေကြကြောင်း သိရသည်။




**သတင်းစဉ်**

# စားနပ်ရိက္ခာဖူလုံရေး၊ အသက်မွေးဝမ်းကျောင်းမှု မြှင့်တင်ရေးနှင့် သဘာဝအရင်းအမြစ်များ ထိရောက်အကျိုးရှိစွာ စီမံခန့်ခွဲအသုံးချရေး စီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၉**
နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် Groupe de Recherches et d'Echanges Technologiques (GRET) တို့အကြား စားနပ်ရိက္ခာဖူလုံရေး၊ အသက်မွေးဝမ်းကျောင်းမှု မြှင့်တင်ရေးနှင့် သဘာဝအရင်းအမြစ်များ ထိရောက်အကျိုးရှိစွာ စီမံခန့်ခွဲအသုံးချရေး စီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ Groupe de Recherches et d'Echanges Technologiques (GRET)မှ ဌာနေကိုယ်စားလှယ် ဒေါ်မြင့်စုနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

လက်မှတ်ရေးထိုးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က အမှာစကား ပြောကြားပြီး GRET ဌာနေကိုယ်စားလှယ် ဒေါ်မြင့်စုက နားလည်မှုစာချွန်လွှာနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် GRET ဌာနေကိုယ်စားလှယ် ဒေါ်မြင့်စုတို့က နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးခဲ့ကြပြီး နားလည်မှုစာချွန်လွှာ အပြန်အလှန်လဲလှယ်ကြသည်။

အဆိုပါ နားလည်မှုစာချွန်လွှာအရ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် GRET တို့ ပူးပေါင်း၍ ချင်းပြည်နယ် (မြောက်ပိုင်း) ဟားခါး၊ ဖလမ်း၊ တီးတိန်၊ တွန်းဇံ၊ ထန်တလန်မြို့နယ်များနှင့် ချင်းပြည်နယ် (တောင်ပိုင်း) ပလက်ဝမြို့နယ်တို့တွင် သုံးနှစ်ကြာစီမံကိန်းဖြင့် စားနပ်ရိက္ခာဖူလုံဝပြောပိုလျှံရေး၊ အသက်မွေးဝမ်းကျောင်းမြှင့်တင်ရေးနှင့် သဘာဝအရင်းအမြစ်များကို ထိရောက်အကျိုးရှိစွာ စီမံခန့်ခွဲရေး၊ ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ဝင်ငွေတိုးတက်ရေးလုပ်ငန်းများကို ပြန်လည်မြှင့်တင်ပေးခြင်း စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံ့ခေါင်းဆောင်များထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ ပေးပို့

**ပြင်သစ်သမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် ပြင်သစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အီမန်နျူရယ်မက်ခရွန်က နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သဝဏ်လွှာပေးပို့သည်။

မြန်မာနိုင်ငံ၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများအား ဂုဏ်ယူဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

ပြင်သစ်နိုင်ငံသည် မြန်မာ အရပ်သားအစိုးရအဖွဲ့၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များအားမြှင့်တင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို အပြည့်အဝထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ အသွင်ကူးပြောင်းနေမှုကိုလည်း မိမိတို့နိုင်ငံက အင်တိုက်အားတိုက်ထောက်ခံပါကြောင်း။

ရခိုင်ပြည်နယ်ပဋိပက္ခကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးကြရသူများအတွက် ပြင်သစ်နိုင်ငံက အလွန်အမင်း စိုးရိမ်ပူပန်မိကြောင်း။

အကြမ်းဖက်မှုများ အဆုံးသတ်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် မိမိတို့နိုင်ငံက တိုက်တွန်းပါကြောင်း၊ လူသားချင်းစာနာ ထောက်ထားမှုအကူအညီပေးရေး၊ ပြန်လည်တည်ဆောက်မှုများပြုလုပ်ရေး၊ နှစ်ဖက်ပြန်လည်သင့်မြတ်ရေး၊ တရားဥပဒေစိုးမိုးရေးစသည်ဖြင့် မစ္စတာကိုဖီအာနန်ဦးဆောင်သော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်က ရခိုင်ပြည်နယ်နှင့်ပတ်သက်၍ အကြံပြုချက်များကို အပြည့်အဝ အကောင်အထည်ဖော်ရန်လိုအပ်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ရေးတွင် မိမိတို့က အခိုင်အမာ ထောက်ခံသွားမည်ဖြစ်ပြီး နှစ်နိုင်ငံပြည်သူများ၏ ရင်းနှီးချစ်ကြည်မှုခိုင်မြဲပါစေရန် ဆုတောင်းအပ်ပါကြောင်း၊ မြန်မာနိုင်ငံဖွံ့ဖြိုးရေးနှင့် ကမ္ဘာနှင့်တွေ့ထိဆက်ဆံမှု မြင့်မားလာရေးတို့အတွက် ကြိုးပမ်းအားထုတ်မှုများတွင် မိမိ၏ နိုင်ငံက လက်တွဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**သြစတြီးယား**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် သြစတြီးယားသမ္မတနိုင်ငံသမ္မတ ဒေါက်တာ အလက်ဇန္ဒြားဗန်ဒယ်ဘယ်လန်က နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သဝဏ်လွှာပေးပို့ရာတွင် မြန်မာ့လွတ်လပ်ရေး အခါသမယတွင် မိမိအနေဖြင့် ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ မြန်မာပြည်သူတို့ပျော်ရွှင်သော အနာဂတ်ဘဝကို ပိုင်ဆိုင်ပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ဖော်ပြထားသည်။

**သြစတြေးလျနေသဟာယနိုင်ငံ**

မြန်မာနိုင်ငံ၏ နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့တွင် သြစတြေးလျအစိုးရ၊ ပြည်သူများနှင့်အတူ အဆွေတော်နှင့် မြန်မာပြည်သူများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း သြစတြေးလျနေသဟာယနိုင်ငံ ဘုရင်ခံချုပ် ဗိုလ်ချုပ်ကြီး ဆာပီတာ ကော့စ်ဂရု (ငြိမ်း)က နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သဝဏ်လွှာ ပေးပို့သည်။

မြန်မာနိုင်ငံက သြစတြေးလျနိုင်ငံကို အာဆီယံနှင့် ဆက်စပ်မှုရှိသည့်နိုင်ငံအဖြစ် ထောက်ခံမှုကို မိမိတို့အသိအမှတ်ပြုသကဲ့သို့ ဒေသဆိုင်ရာပြဿနာများကိုလည်း အနီးကပ်ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။ အာဆီယံ-သြစတြေးလျ ဖိုရမ်ကို ၂၀၁၇ ခုနှစ် မတ်လတွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့်အတွက် ကျေးဇူးအထူးတင်ရှိသကဲ့သို့ ၂၀၁၈ ခုနှစ် မတ်လတွင် ကျင်းပမည့် အာဆီယံ-သြစတြေးလျ အထူးထိပ်သီးအစည်းအဝေးသို့လည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်လိမ့်မည်ဟု မျှော်လင့်ပါသည်။ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ တည်ငြိမ်သော ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ရေး၊ ဒေသတွင်းနှင့် မြန်မာပြည်သူများအကျိုးစီးပွားအတွက် လူ့အခွင့်အရေး လေးစားလိုက်နာမှုနှင့် ဒီမိုကရေစီစံနှုန်းများကို လက်ကိုင်ပြုထားသည့်အတွက် မြန်မာနိုင်ငံကို သြစတြေးလျနိုင်ငံက ထောက်ခံအားပေးပါသည်။ ရင်းနှီးသည့် မိတ်ဖက်နိုင်ငံများ ဖြစ်သည့်အတွက် ပြုပြင်ပြောင်းလဲရေးစိန်ခေါ်မှုများကို မြန်မာနိုင်ငံနှင့်အတူ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မိမိတို့၏ ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း ပညာရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ အုပ်ချုပ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများအတွက် ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ပါသည်။ လာမည့်နှစ်များအတွင်း မိမိတို့နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုဆက်ဆံရေးသည် ဆက်လက်တိုးတက်နေမည်ဖြစ်ကြောင်း ယုံကြည်ပါသည်ဟု ဖော်ပြထားသည်။

(ဆက်လက်ဖော်ပြပါမည်။)

## ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၉**

နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော စာရင်းအင်းဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်ဆွေးနွေး**

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အမေရိကန်၌ ကျင်းပသော World Junior Golf Series ပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့သော ဟိန်းစည်သူ အာရှတိုက်တွင် ပထမဆုံးအဖြစ် မှတ်တမ်းဝင်ခဲ့

**ရန်ကုန် ဇန်နဝါရီ ၉**

အမေရိကန်နိုင်ငံ World Golf Village ဂေါက်ကွင်း၌ ပြီးခဲ့သည့် ဒီဇင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့သော 2017 American Junior ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင်ဂေါက်သီးကစားသမားဟိန်းစည်သူနှင့်အဖွဲ့သည် ယနေ့ ည ၇ နာရီတွင် ထိုင်းနိုင်ငံလေကြောင်းလိုင်းဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။ ၎င်းသည် အာရှတိုက်တွင် ပထမဆုံးချန်ပီယံအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။



ယနေ့ည ၇ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည့် မြန်မာနိုင်ငံကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်ခဲ့သည့် ပထမချန်ပီယံဆုရ ဟိန်းစည်သူအပါအဝင် ဖြိုးဇံ၊ ကောင်းမြတ်ကျော်၊ မင်းသံလွင်အောင်နှင့် အမျိုးသမီးကစားသမားဖြစ်သည့် ဖူးပွင့်ရတီခိုင်တို့အဖွဲ့အား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးနှင့် Junior Golf Myanmar (JGM)မှ တာဝန်ရှိသူများ၊ အားကစားသမားများ၊ ဆွေမျိုးမိဘများ၊ အားကစားချစ်မြတ်နိုးသော ပြည်သူများနှင့် ပြည်တွင်းမီဒီယာများက ကြိုဆိုကြသည်။

အဆိုပါ ပြိုင်ပွဲတွင် ပထမချန်ပီယံဆု ဆွတ်ခူးရရှိခဲ့သည့် ဟိန်းစည်သူသည် သုံးရက်ပေါင်းရိုက်ချက် ၂၁၆ ချက်ဖြင့် မြန်မာလူငယ်များအတွက် ၂၀၁၈ ခုနှစ် နှစ်သစ်ကူးအကြို ပထမဆုဖလားကို ဆွတ်ခူးပေးနိုင်ခဲ့သည်။ ချန်ပီယံဆုဖလားကို သိမ်းပိုက်နိုင်ခဲ့သည့်အတွက် World Junior Golf Series တွင် အာရှတိုက်မှ ပထမဆုံးအောင်နိုင်သူအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ မြန်မာနိုင်ငံကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်သော ကစားသမားများအနက် ကောင်းမြတ်ကျော်မှာ အဆင့် ၂၉၊ ဖြိုးဇံမှာ အဆင့် ၃၁၊ မင်းသံလွင်အောင်မှာ အဆင့် ၃၂ နှင့် အမျိုးသမီးကစားသမားဖြစ်သော ဖူးပွင့်ရတီခိုင်မှာ အဆင့်ကိုးတို့အသီးသီးရရှိခဲ့ပြီး ဟိန်းစည်သူမှာ ပထမချန်ပီယံဆုကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်၍ အာရှတိုက်မှ လူငယ်များအနက် ပထမဦးဆုံး ချန်ပီယံရရှိသူအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“ဒီပြိုင်ပွဲအတွက် ကျွန်တော်တစ်လလောက် ကြိုတင်ပြင်ဆင်ခဲ့ရပါတယ်၊ အခုလိုချန်ပီယံဖြစ်အောင်လည်း ရည်မှန်းကြိုးစားခဲ့တာပါ၊ သုံးနှစ်ဆက်တိုက် ကြိုးစားပြီးမှ အခုလို ပထမရရှိခဲ့တာဖြစ်ပါတယ်၊ မနှစ်က ဒုတိယဆုရရှိခဲ့ပြီး စဝင်ပြိုင်တဲ့နှစ်က အဆင့်ခြောက်ရရှိခဲ့ပါတယ်၊ ကမ္ဘာ့နိုင်ငံပေါင်း ၂၀ ကျော်က ကစားသမားတွေ လာရောက်ယှဉ်ပြိုင်ကြတာဖြစ်လို့ တော်တော်လေးတော့ ကြိုးစားယှဉ်ပြိုင်ခဲ့ရပါတယ်၊ ပြိုင်ပွဲမှာ အမေရိကန်ကစားသမားနဲ့ အဓိကပြိုင်ခဲ့ရပါတယ်၊ ကျွန်တော့်အတွက် ဒီဆုရလိုက်တာဟာ ဒီနှစ်အတွင်းမှာ ပရိုလောကထဲကို စတင်ကူးပြောင်းဖို့အတွက် တွန်းအားဖြစ်စေခဲ့ပါတယ်” ဟု မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ကာ ပထမဆုရရှိခဲ့သည့် ဟိန်းစည်သူက ပြောသည်။

ကစားသမား ဟိန်းစည်သူသည် ပြီးခဲ့သည့် သြဂုတ်လအတွင်း ဂျာမနီနိုင်ငံ၌ ကျင်းပသော ကမ္ဘာ့ဂေါက်သီးရိုက်ပြိုင်ပွဲတွင်လည်း သွားရောက်ယှဉ်ပြိုင်ကစားခဲ့သည်။ ယခုသွားရောက် ယှဉ်ပြိုင်ခဲ့သည့် World Junior Golf Series ပြိုင်ပွဲသည် အမေရိကန်နှင့် ဥရောပတို့တွင် အလှည့်ကျ ကျင်းပလေ့ရှိပြီး အဆိုပါပြိုင်ပွဲသို့ အုပ်ချုပ်သူတစ်ဦး၊ နည်းပြတစ်ဦးနှင့် အားကစားသမား ငါးဦးလိုက်ပါသွားခဲ့ကြောင်း သိရသည်။ ပြိုင်ပွဲတွင် ပထမဆုကို မြန်မာနိုင်ငံမှ ဟိန်းစည်သူ၊ ဒုတိယဆုကို အိုင်စလန်၊ တတိယဆုနှင့် စတုတ္ထဆုတို့ကို အမေရိကန်နှင့် ပဉ္စမဆုကို မက္ကဆီကိုနိုင်ငံက ရရှိခဲ့ကြောင်း သိရသည်။

သတင်း-မောင်စိန်လွင်၊ ဓာတ်ပုံ-မင်းထက်

○ **ကျောဖုံးမှ**

မီးမောင်းထိုးပြတဲ့ အစီအစဉ်တစ်ခုပါ၊ စက်ဘီးစီးခြင်းက ပတ်ဝန်းကျင်ကို ထိန်းသိမ်းတဲ့ ခရီးသွားခြင်းဖြစ်လို့ ရိုးရင်းစွဲ သဘာဝအရင်းအမြစ် လှပတဲ့နေရာတွေကို ထိန်းသိမ်းပြီးသားဖြစ်စေတယ်၊ ပြီးတော့ လူထုအခြေပြု ခရီးသွားလုပ်ငန်းကိုလည်း တစ်ဖက်တစ်လမ်းက မြှင့်တင်ပေးနိုင်တာမို့ အခုလို ခရီးကြမ်းစက်ဘီးနင်းခရီးစဉ်ကို ပြုလုပ်ဖို့ ရွေးချယ်လိုက်တာပါ”ဟု ခရီးစဉ်အုပ်ချုပ်သူ Another Development (AD) မှ ဦးတူးမိုင်က ပြောသည်။

ခရီးစဉ်တွင် အဖွဲ့ဝင်များသည် ငွေဆောင်မှ ဂေါ်ရင်ဂျီကျွန်းသွားရာ ကမ်းခြေလမ်းတစ်လျှောက် သဘာဝအလှအပများ၊ ဒေသခံများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုများ၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေများကို စက်ဘီးစီးရင်း လေ့လာသိရှိနိုင်သည့်အပြင် ဒေသထွက်ပစ္စည်းများဖြင့် ပြုလုပ်ထားသော ဘန်ဂလိုများတွင် တည်းခိုရင်း ဒေသထွက်အစားအစာများကို မြည်းစမ်းခွင့်ရမည်ဖြစ်သည်။ ထို့ပြင် အဖွဲ့ဝင်များသည် အခြားကျွန်းများသို့လည်း သွားရောက်လေ့လာကြမည်ဖြစ်သည်။

သတင်း-ခင်ဇာလီ၊ ဓာတ်ပုံ-မျိုးညွန့်သန်း

## အရန်မီးသတ်တပ်ဖွဲ့ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

**တောင်ငူ ဇန်နဝါရီ ၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် မီးသတ်ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၈ ရက် နံနက် ၁၀ နာရီက တောင်ငူခရိုင်မီးသတ်ဦးစီးမှူးရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းစိုးက အဖွင့်အမှာစကားပြောကြား၍ ခရိုင်မီးသတ်ဦးစီးမှူး ဦးမြင့်နိုင်ထွန်းက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ခရိုင်မီးသတ်ဦးစီးမှူးထံသို့ သင်တန်းထောက်ပံ့ငွေများ ပေးအပ်လိုက်သည်။

သင်တန်းဖွင့်ပွဲသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ မီးဘေး အထောက်အကူပြုအဖွဲ့ဝင်များ၊ သဘာဝဘေးကာကွယ်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် သင်တန်းသား ၅၀ တက်ရောက်ကြပြီး သင်တန်းကာလတစ်လ ကြာမြင့်မည်ဖြစ်သည်။

ကျော်လှ(တောင်ငူ)

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က သတင်းထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၉**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်သည်။

အဆိုပါ ထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၁/၂၀၁၈)**

၁။ ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကြိမ်ချောင်းကျေးရွာ အနောက်မြောက်ဘက်တောင်ကုန်းပေါ်မှ ARSA အကြမ်းဖက်သမားများက လုံခြုံရေးတပ်ဖွဲ့ဝင်များ လိုက်ပါလာသည့် မော်တော်ယာဉ်ကို ၅-၁-၂၀၁၈ ရက်နေ့ နံနက် ၁၀ နာရီခန့်တွင် လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခဲ့ပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ယာဉ်ပေါ်ပါလာသည့် ယာဉ်မောင်းတစ်ဦးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းများအရ သိရှိရပါသည်။

၂။ အဆိုပါတိုက်ခိုက်မှုသည် ရခိုင်ပြည်နယ်ဒေသအတွင်း တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ထိခိုက်စေသည့်အပြင် ယမန်နှစ် ဩဂုတ်လအတွင်း ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများကြောင့် နေရပ်စွန့်ခွာ၍ တစ်ဖက်နိုင်ငံသို့ တိမ်းရှောင်နေကြသူများ ၎င်းတို့၏ နေထိုင်ခဲ့ရာ မူရင်းနေရာများသို့ လုံခြုံစွာ ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်မှုများကိုလည်း များစွာအဟန့်အတား ဖြစ်စေနိုင်ပါသည်။ ထို့အပြင် နိုင်ငံတော်အစိုးရက ရခိုင်ပြည်နယ်အတွင်း ဖော်ဆောင်နေသော ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် UEHRD လုပ်ငန်းစဉ်များကို ထိခိုက်စေနိုင်ပါသည်။

၃။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အနေဖြင့် ARSA အကြမ်းဖက်သမားများက ယခုကဲ့သို့ တိုက်ခိုက်ခြင်းကို ပြင်းထန်စွာ ပြစ်တင်ရှုတ်ချကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်**



## ရခိုင်ပြည်နယ်အတွင်းရှိ ကျန်းမာရေးဆိုင်ရာ အသိပညာပေးသင်တန်းများဖွင့်လှစ်

**စစ်တွေ ဇန်နဝါရီ ၉**

ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းတွင် "လတ်တလော အာဟာရချို့တဲ့မှု ဘက်စုံကုသစောင့်ရှောက်ခြင်း၊ ပြည်နယ်အဆင့်ဆရာဖြစ်သင်တန်း" ကို ဖွင့်လှစ်ရာ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကြည်လွင်က အဖွင့်အမှာစကားပြောကြားသည်။ သင်တန်းတွင် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်မှ သင်တန်းသား ၄၀ ကို စာတွေ့လက်တွေ့ သင်ကြားပို့ချပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည် ဖြစ်သည်။

ထို့အပြင် ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြင့်တင်နိုင်ရန်ရည်ရွယ်၍ ဉာဏ်သစ်လောင်းသင်တန်းများ၊ မွမ်းမံသင်တန်းများ ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

ဆက်လက်ပြီး နံနက် ၁၀ နာရီတွင် စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါ ပြည်သူ့ဆေးရုံကြီးတွင် "မူခင်းဆိုင်ရာ ဆေးပညာမွမ်းမံသင်တန်း"ကို ဖွင့်လှစ်ရာ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာကြည်လွင် တက်ရောက်အဖွင့်အမှာ စကားပြောကြားရာတွင် ရခိုင်ပြည်နယ်အတွင်း ဆရာဝန်များ၏ မူခင်းဆိုင်ရာဆေးပညာ အရည်အသွေးမြင့်မားစေရန်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးမှူး၊ မူခင်းဆရာဝန်ကြီးများ၊ သင်တန်းသား တိုက်နယ်ဆရာဝန်နှင့် လက်ထောက်ဆရာဝန်ကြီးများ တက်ရောက်ကြပြီး သင်တန်းတွင် စာတွေ့လက်တွေ့ သင်ကြားပို့ချပြီး သင်တန်းကာလမှာ နှစ်ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

## ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၉**



မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ ဝေသာလီ(တိုင်းရင်းသား) ကျေးရွာတွင် နွားတစ်ကောင်၊ ခုံတိုင်စခန်း ပတ်ဝန်းကျင်ရှိ ကြိမ်ချောင်း (ရောနှော) ကျေးရွာတွင် ဆိတ်တစ်ကောင်နှင့် ငါးခူရစခန်းပတ်ဝန်းကျင်ရှိ ခြံပြင်(တိုင်းရင်းသား)ကျေးရွာတွင် နွားတစ်ကောင်တို့အား ကာကွယ်ကုသ ဆောင်ရွက်ပေးပြီး စုစုပေါင်း စခန်းသုံးခု ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားနှစ်ကောင်နှင့် ဆိတ်တစ်ကောင်တို့အား ကာကွယ်ကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခု ပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၇၅ ကောင်နှင့် ဆိတ် ၇၄၁ ကောင်တို့အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် Connect to Everyone Association အဖွဲ့ တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၉**

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်သည် Connect to Everyone Association အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် အမှတ် (I-2) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် လယ်ယာမြေဥပဒေနှင့် စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေများနှင့်စပ်လျဉ်းပြီး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ဂျပန်ရုပ်ရှင်ပွဲတော် (၂၀၁၈) ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၉**

မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးနှင့် ဂျပန်ဖောင်ဒေးရှင်းတို့ ပူးပေါင်းကျင်းပသော ဂျပန်ရုပ်ရှင်ပွဲတော် (၂၀၁၈) ကို ဇန်နဝါရီ ၁၉ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့တွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၂ ရက်မှ ၄ ရက်အထိ မန္တလေးမြို့တွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၉ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ရှိ မြန်မာဒိဌခန်းမ၌ ကျင်းပသော စာနယ်ဇင်းမိတ်ဆက်ရှင်းလင်းပွဲတွင် ဂျပန်ဖောင်ဒေးရှင်းမှ Director General Mr.Koji Sato က ပြောကြားသည်။

အဆိုပါ ဂျပန်ရုပ်ရှင်ပွဲတော်တွင် ၂၀၁၆ ခုနှစ် နောက်ပိုင်း ရိုက်ကူးထားသော ဂျပန်ရုပ်ရှင်ဇာတ်ကားသစ် ၁၆ ကားကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် စာတန်းထိုး ပြသသွားမည်ဖြစ်ပြီး ရန်ကုန်မြို့တွင် ဇန်နဝါရီ ၁၉ ရက်မှ ၂၈ ရက်အထိ၊ နေပြည်တော်ရုပ်ရှင်ရုံ JCGV-Cinema Junction City နှင့် မန္တလေးမြို့တွင် ဖေဖော်ဝါရီ ၂ ရက်မှ ၄ ရက်အထိ ဝင်းလိုက်ရုပ်ရှင်ရုံ၌ အခမဲ့ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ခင်မောင်ချို**
**ဓာတ်ပုံ- ခင်မောင်ဝင်း(ကြေးမုံ)**

## လယ်ဝေးမြို့နယ် အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၉**

နေပြည်တော် လယ်ဝေးမြို့နယ်တွင် ၂၀၁၈ ခုနှစ် ပထမအကြိမ် ပြည်ထောင်စုနေ့အထိမ်းအမှတ် ရပ်/ကျေး အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲကို ပြိုင်ပွဲဝင် အသင်းပေါင်း ၁၄ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အဖွင့်ပွဲစဉ်အဖြစ် လယ်ဝေး(ခ) အသင်းနှင့် Galaxy Star အသင်းတို့ ယှဉ်ပြိုင် ကစားခဲ့ကြရာ လယ်ဝေး(ခ) အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**ဇင်ဘို**





## ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာတွင် ဒီဇယ်မီးစက် အင်ဂျင်အပူလွန်ကဲရာမှ မီးလောင်

**ဖားကန့် ဇန်နဝါရီ ၉**
ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာ ရပ်ကွက် (၂) ရှိ နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းဝင်းအတွင်း ဇန်နဝါရီ ၈ ရက် ညနေ ၆ နာရီ မိနစ် ၂၀ က ဒီဇယ်ဂါလန် ၅၀ ဆံ့ မီးစက်ခုတ်မောင်းထားစဉ် အင်ဂျင်အပူလွန်ကဲ၍ မီးလောင်မှုဖြစ်ပွားခဲ့ရာ ဖားကန့်မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးပြေငြိမ်းနှင့် တပ်ဖွဲ့ဝင်များ၊ ဖားကန့်မြို့မရဲစခန်းမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် အင်အား ၂၀၀ ခန့်က မီးငြိမ်းသတ်ယာဉ် သုံးစီး၊ ရေသယ်ယာဉ် ခြောက်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မီးငြိမ်းခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းဝင်းအတွင်းရှိ ကိုးပေပတ်လည် သွပ်မိုး၊ ပျဉ်ခင်း၊ သံဆန်ခါ ကာရံထားသည့် နှစ်ထပ်အဆောက်အအုံတစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။

မီးလောင်မှုဖြစ်စဉ်ကြောင့် ဘုရားကျောင်းတာဝန်ခံ ဦးဇော်ဘောက် (၄၂) နှစ်အား ဖားကန့်မြို့မရဲစခန်းတွင် အရေးယူဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

■

## (၂၂)ဘီးတွဲယာဉ် တိမ်းမှောက်မှုကြောင့် လေးဦးသေ

**ကော့ကရိတ် ဇန်နဝါရီ ၉**
မြဝတီ-ကော့ကရိတ် အာရှလမ်းမသစ်ကြီးတွင် ဘက်ဟိုးတင်ဆောင်လာသော (၂၂)ဘီး တွဲယာဉ်တိမ်းမှောက်မှုကြောင့် လေးဦး သေဆုံးခဲ့ကြောင်း ကော့ကရိတ်မြို့မရဲစခန်းမှ သိရသည်။

ဇန်နဝါရီ ၈ ရက် ည ၁၁ နာရီခွဲက မြဝတီ-ကော့ကရိတ်သွား အာရှလမ်းမသစ်ကြီးတွင် (၂၂)ဘီးယာဉ်တစ်စီး တိမ်းမှောက်နေကြောင်း သတင်းအရ ကော့ကရိတ်မြို့မရဲတပ်ဖွဲ့စခန်းမှ စခန်းမှူး ဒုရဲမှူး ထူးအောင်ရွှေ၊ တာဝန်ခံ ရဲအရာခံတင်လှ၊ အမှတ်(၇၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ်သန်းနိုင်ရွှေ၊ ကော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့မှ ဒုရဲအုပ်ဖော်နိုင်တို့က အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးခဲ့ရာ ဖြစ်စဉ်မှာ ဇန်နဝါရီ ၈ ရက် ည ၁၁ နာရီ ၁၅ မိနစ်က မြဝတီမြို့မှ ကော့ကရိတ်မြို့သို့ ဘက်ဟိုးတင်ဆောင်လာသော (၂၂)ဘီးတွဲယာဉ် 5D--- သည် အာရှလမ်းမကြီး ကီလိုမီတာ ၁၅၄ နှင့် ၁၅၅ အကြား အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ နောက်တွဲယာဉ်အမှတ် TLR----- ပေါ်တွင် တင်ဆောင်လာသည့် ဘက်ဟိုးယာဉ်မှာ လမ်း၏ ဝဲဘက် ချောက်ကမ်းပါးအတွင်းသို့ ထိုးကျသွားခဲ့ပြီး ယင်း (၂၂) ဘီးယာဉ်ရှေ့မှ မောင်းနှင်နေသည့် 4H---- Misubishi Canter ယာဉ်အား ပွတ်တိုက်ကာ ရှေ့ကိုက် ၁၀၀ ခန့်အရောက်တွင် တွဲယာဉ်မှာ ဦးခေါင်းလည်သွားပြီး တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

## ဈေးဘုရားပွဲတွင် လူသတ်မှုဖြစ်

**တံတားဦး ဇန်နဝါရီ ၉**
တံတားဦးမြို့နယ် အမှတ်(၂)ရပ်ကွက် ပုဏ္ဏားကုန်းရပ်ရှိ ဓမ္မရုံသီဆုတောင်းပြည့်ဈေးဘုရားပွဲတွင် ယနေ့ နံနက် ၀၀း၃၀ နာရီက လူသတ်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၈ ရက် ည ၉ နာရီခန့်က တံတားဦးမြို့ အမှတ်(၁)ရပ်ကွက် ကွက်သစ်ရပ်နေ ဒေါ်ပပနိုင်(၃၆)နှစ်က တံတားဦးမြို့မရဲစခန်းအပိုင် နယ်မြေရဲစခန်း အမှတ်(၂) ရပ်ကွက် ပုဏ္ဏားကုန်းရပ် ဓမ္မရုံသီဆုတောင်းပြည့်ဈေးဘုရားပွဲတွင် ကပြသည့်ဇာတ်ပွဲသို့ သားသမီးများနှင့်အတူ လမ်းလျှောက်လာရာ ဈေးဘုရားအရောက် တံတားဦးမြို့ အမှတ်(၁)ရပ်ကွက် ကွက်သစ်ရပ်နေ ဇင်ကို (၁၇)နှစ်ပါ လူငယ် ငါးဦးခန့်က ချမ်းလင်းထွန်းအား မကျေနပ်ဘူး၊ ငါ့မှာခေးပါသည်ဟု ပြောသံကြား၍ စိတ်ပူသဖြင့် ဇာတ်ပွဲအတွင်း ၎င်း၏မောင်ဖြစ်သူကို လိုက်လံရှာဖွေစဉ် ည ၁၂ နာရီခန့်တွင် မောင်ဖြစ်သူ တံတားဦးမြို့ အမှတ်(၁)ရပ်ကွက် ကွက်သစ်ရပ်နေ ချမ်းလင်းထွန်း (၁၈)နှစ်အား ဓားထိုးခံရပြီး ဆေးရုံရောက်နေကြောင်း ညီမဖြစ်သူ မနီနီနွယ်က ဖုန်းဖြင့် အကြောင်းကြား၍ သိရှိရသဖြင့် ဆေးရုံသို့ လိုက်သွားရာ ချမ်းလင်းထွန်းမှာ ရရှိသောဒဏ်ရာများဖြင့် သေဆုံးသွားသည်ကို တွေ့ရှိရသဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲတင့် (ပြန်/ဆက်)**

## တရားမဝင် ကန့်သတ်ဆေးပစ္စည်းများ သယ်ဆောင်လာမှု မရမ်းချောင်စစ်ဆေးရေးစခန်းတွင် သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၉**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်မှုများကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိရာ တရားမဝင် ကန့်သတ်ဆေးပစ္စည်းများ သယ်ဆောင်လာမှုကို မရမ်းချောင်စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက ဇန်နဝါရီ ၈ ရက်တွင် သိမ်းဆည်းမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

မရမ်းချောင်စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးစခန်း၏ ရှောင်ကွင်းလမ်းဖြစ်သည့် ရွှေဖြူရော်ဘာခြံလမ်းအတွင်းသို့ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက သွားရောက်စစ်ဆေးခဲ့ရာ လမ်းဘေးတွင် စုပုံထားသည့် တရားမဝင်ကန့်သတ်ကုန်ပစ္စည်းဖြစ်သော ဆေး ၂၃ မျိုး (စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် ၁၂ ဒသမ ၃၇၃ သန်း)အား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၈ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇ ဒသမ ၇၅၇ သန်း)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၉ ဒသမ ၂၁၇ သန်းခန့်) စုစုပေါင်း တားဆီးမှု ၁၆ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆ ဒသမ ၉၇၄ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၈ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၈၆ စီး၊ သွင်းကုန် ၁၀၁၀ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၃ စီး၊ သွင်းကုန် ၁၂၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**၀၀၁**



**ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ မှုခင်းပြခန်းယာဉ်ဖြင့် ပေါင်းတည်မြို့ ရန်ကုန်-ပြည်လမ်းရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့နှင့် မြို့နယ်အထက်တန်းကျောင်းရှေ့တို့တွင် ဒီဇင်ဘာလ ပထမပတ်က မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့မစခန်းမှူးတို့ ဦးဆောင်သောတပ်ဖွဲ့ဝင်များက လူကုန်ကူးမှုတားဆီးရေး၊ အိမ်သုံးဆေးဝါးအလွဲသုံးမှု၊ မူးယစ်ဆေးဝါးသုံးစွဲသယ်ဆောင် ဖမ်းဆီးမှုနှင့် မီးရှို့ဖျက်ဆီးမှုများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းများ၊ သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ မှုခင်းကျဆင်းရေးတို့ကို ပညာပေးဟောပြောဆောင်ရွက်စဉ်။**
တင်ဝင်းဇော်

## မိုးညှင်းမြို့ ဘူတာရုံအတွင်း ဓားဖြင့်ထိုးပြီး ထွက်ပြေးသူအား ၂၄ နာရီအတွင်း ဖမ်းမိ

**မိုးညှင်း ဇန်နဝါရီ ၉**
ကချင်ပြည်နယ် မိုးညှင်းမြို့ဘူတာရုံအတွင်း ဓားဖြင့်ထိုးပြီး ထွက်ပြေးခဲ့သူအား ၂၄ နာရီအတွင်း မိုးညှင်းမြို့မရဲစခန်း နယ်ထိန်းအဖွဲ့က ဖမ်းဆီးခဲ့ကြောင်း မိုးညှင်းမြို့မရဲစခန်းမှ သိရသည်။

အဆိုပါဖြစ်စဉ်သည် ဇန်နဝါရီ ၈ ရက် ည ၈ နာရီတွင် ဖြစ်ပွားခဲ့ပြီး ဇန်နဝါရီ ၉ ရက် နံနက် ၇ နာရီတွင် ဖမ်းဆီးမိခဲ့ခြင်းဖြစ်ပြီး ဓားဖြင့် ထိုးပြီး ထွက်ပြေးခဲ့သူမှာ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နေ ဖိုးသား (၂၂) နှစ်ဆိုသူဖြစ်ကာ တစ်မြို့တည်းနေသူအချင်းချင်း စကားများရာမှ အသင့်ပါသောဓားနှင့် ထိုးခဲ့သဖြင့် အမှုဖွင့်ခဲ့ကြောင်း သိရသည်။

"မိုးညှင်းမြို့မှာ ဒီလိုဖြစ်စဉ်တွေကြောင့် အထိတ်တလန့်ဖြစ်စရာမလိုပါဘူး၊ အခုဖြစ်နေတာက မိုးညှင်းဒေသခံတွေ မဟုတ်ပါဘူး၊ အဝေးက ဈေးလာရောင်းကြတဲ့ ဈေးသည်အချင်းချင်း စကားများပြီး ဖြစ်ကြတာပါ၊ ထွက်ပြေးတဲ့သူကို ကျွန်တော်တို့ ရဲတပ်ဖွဲ့ကလည်း ၂၄ နာရီအတွင်း ရှာဖွေဖမ်းဆီးနိုင်ခဲ့ပါတယ်"ဟု နယ်ထိန်းအဖွဲ့ ဒုတပ်ကြပ်ဆန်းအောင်က ပြောသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နေ မနွယ်နွယ်ဦး (၂၁)နှစ်က ခင်ပွန်းဖြစ်သူ ဇော်ဝမ်း (၂၆)နှစ်ဆိုသူနှင့် မိုးကောင်းမြို့နယ် ပင့်သာကျေးရွာမှ ဈေးရောင်းပြီးအပြန် မော်လူးကျေးရွာသို့ သွားရန် မိုးညှင်းဘူတာ၌ ရထားစောင့်ဆိုင်းနေစဉ် နယ်လှည့်ဈေးရောင်းခဲ့ကြသည့် ဖိုးသားနှင့် ဇော်ဝမ်းတို့ စကားများခဲ့ကြရာ ဖိုးသားက အရိုးအသွား ရှစ်လက်ခန့်ရှိ ဓားဖြင့်ထိုးခဲ့ကြောင်း သိရသည်။

ဇော်ဝမ်း၏ ဘယ်ဘက်ကျောပြင်တွင် တစ်လက်မခန့် ပြတ်ရှဒဏ်ရာတစ်ချက်ရရှိသောကြောင့် ဇနီးဖြစ်သူက ပတ်ဝန်းကျင်ကို အကူအညီတောင်းခံရာ မီးရထားဝန်ထမ်း ဦးသန်းဇော်နှင့် မီးရထားရဲတပ်ဖွဲ့မှ ရဲဒုတပ်ကြပ်သန်းထွဋ်တို့ ရောက်ရှိခဲ့ကြသဖြင့် ဖိုးသားမှာ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်တွင် ထွက်ပြေးသွားသူအား မိုးညှင်းမြို့မရဲစခန်း နယ်ထိန်းတပ်အဖွဲ့က ရှာဖွေ ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

**မင်းမင်းဦး**

## ငမိုးရိပ်ချောင်းအတွင်း ယာဉ်ထိုးကျနစ်မြုပ်မှုမှ အလောင်းအား ရှာဖွေတွေ့ရှိ

**ရန်ကုန် ဇန်နဝါရီ ၉**
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၃)ရပ်ကွက် ငါးမာန်အောင်ဘုရားလမ်း ငမိုးရိပ်ချောင်းအတွင်း ဇန်နဝါရီ ၇ ရက် နံနက်အစောပိုင်းက ပျောက်ဆုံးခဲ့သူအား ယနေ့ ညနေပိုင်းက ရှာဖွေတွေ့ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၃)ရပ်ကွက် ငါးမာန်အောင်ဘုရားလမ်း ငမိုးရိပ်ချောင်းအတွင်း ဇန်နဝါရီ ၇ ရက် နံနက် ၃ နာရီခွဲခန့်က အရှိန်လွန်ထိုးကျနစ်မြုပ်သွားသည့် ဟွန်ဒါဖစ်ယာဉ်အား မီးသတ်တပ်ဖွဲ့ပိုင် အသက်ကယ်ယာဉ် ကရိန်းဖြင့် ထိုရက် နံနက် ၃ နာရီ ၃၅ မိနစ်က ပြန်လည်ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပြီး ယာဉ်ပေါ်ပါ စည်သူဖြိုး(၂၄)နှစ်မှာ ရေအောက်တွင် ပျောက်ဆုံးလျက်ရှိသောကြောင့် သက်ဆိုင်ရာက စုံစမ်းရှာဖွေခဲ့ရာ ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ပျောက်ဆုံးနေသော စည်သူဖြိုး၏ သေဆုံးရုပ်အလောင်းအား ငမိုးရိပ်ချောင်းအတွင်းမှ ရှာဖွေတွေ့ရှိခဲ့သဖြင့် နာရေးကူညီမှုအသင်း(ရန်ကုန်)မှ နိဗ္ဗာန်ယာဉ်ဖြင့် မြောက်ဥက္ကလာပဆေးရုံ (ရင်ခွဲရုံ) သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ပွင့်သစ္စာ**

## ကျိုက်ထီးရိုး စခန်းလေး၌ တူမီးသေနတ်တစ်လက် သိမ်းဆည်းရမိ

**ကျိုက်ထို ဇန်နဝါရီ ၉**
ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာ ကျိုက်ထီးရိုးတောင်တက်လမ်းရှိ စခန်းလေးစခန်းတွင် အိမ်ဆောက်နေထိုင်သူ မနန်းကြာလွင်(၃၉)နှစ်၏ နေအိမ်၌ တူမီးသေနတ်ရှိကြောင်း သတင်းအရ ရင်ပြင်တော်ရဲကင်းစခန်းမှူး ရဲအုပ်ဇော်မင်းဦးနှင့် တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ ဇန်နဝါရီ ၇ ရက် ည ၈ နာရီခွဲတွင် သွားရောက်စစ်ဆေးရှာဖွေရာ ၎င်း၏ အိပ်ခန်းအတွင်းမှ ဒင်အရှည် ၁ ပေ ၁ လက်မ၊ ပြောင်းအရှည် ၃ ပေ ၄ လက်မရှိ တူမီးသေနတ်အား ရှာဖွေသိမ်းဆည်းရမိခဲ့သဖြင့် နန်းကြာလွင်အား ကင်မွန်းစခန်းနယ်မြေရဲစခန်းမှ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

## မုံးကိုးမြို့ မန်ဂျပ်ကျေးရွာ၌ မိုင်းနှစ်လုံး ပေါက်ကွဲ အုပ်စုအုပ်ချုပ်ရေးမှူး အပါအဝင် ငါးဦးဒဏ်ရာရ

**မူဆယ် ဇန်နဝါရီ ၉**
မူဆယ်ခရိုင် မုံးကိုးမြို့တောင်ဘက် ခုနစ်မိုင်ခန့်အကွာ မန်ဂျပ်ကျေးရွာ၌ ဇန်နဝါရီ ၈ ရက် နံနက် ၁၁ နာရီ မိနစ် ၅၀ က မိုင်းနှစ်လုံး နင်းမိပေါက်ကွဲရာ မန်ဂျပ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးယိမ်းယော (၃၇) နှစ်၊ မုံးကိုးမြို့ အမှတ်(၇)ရပ်ကွက် စာရေး ဦးဒိုင်ဇေ အပါအဝင် ငါးဦး ထိခိုက်ဒဏ်ရရှိကြပြီး ဦးဇောင်းခေါင် ဒူးအောက်ပိုင်းပြတ်ဒဏ်ရာနှင့် ဦးဒိုင်ဇေတို့သည် အသက်အန္တရာယ်စိုးရိမ်ရသည့် အခြေအနေရှိပြီး ကျန်သုံးဦးမှာ စိုးရိမ်ရသည့် အခြေအနေမရှိကြောင်း သိရသည်။ ဒဏ်ရာရရှိသူများကို မန်ဂျပ်ကျေးရွာမှ တရုတ်နိုင်ငံ မန်စီဆေးရုံသို့ ပို့ဆောင်ပေးပြီး ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**သန်းဇော်ဦး (ပြန်/ဆက်)**

# လီဗာပူးဟာ မန်စီးတီးအတွက် ပြိုင်ဘက်ကောင်းလေလား



**လာမယ့် ဇန်နဝါရီ ၁၃၊ ၁၄၊ ၁၆ ရက်တွေမှာ ပရီမီယာလိဂ်ပွဲစဉ် ၂၃ ကို ကျင်းပသွားမှာဖြစ်ပြီး အဆိုပါပွဲစဉ်မှာတော့ လီဗာပူးနဲ့ မန်စီးတီးတို့ ဆုံတွေ့တဲ့ပွဲဝင်နေတာကြောင့် အကြိတ်အနယ်ရှိနိုင်ပြီး အာဆင်နယ်၊ ချယ်လ်ဆီးတို့အနေနဲ့လည်း နိုင်ပွဲပြန်လည်ရယူနိုင်မလား ဆိုတာ စောင့်ကြည့်ရဖို့ရှိပါတယ်။**

**ချယ်လ်ဆီး - လက်စတာ ည ၉း၃၀ (၁၃-၁-၁၈)**

နောက်ဆုံးကစားခဲ့တဲ့ ပွဲစဉ်မှာ အာဆင်နယ်ကို သရေသာကစားနိုင်ခဲ့တာကြောင့် ချယ်လ်ဆီးတို့ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့အတွက် အားစိုက်လာမှာ သေချာနေပါတယ်။ ချယ်လ်ဆီးအနေနဲ့ အိမ်ကွင်းဖြစ်သလို လုဇ်လည်း ပြန်ကစားနိုင်ပြီဖြစ်တာကြောင့် ပိုမိုတောင့်တင်းလာပါတယ်။ လက်စတာကတော့ ခံစစ်ပိုင်းအားနည်းမှုရှိနေတာကို တွေ့ရပါတယ်။ ချယ်လ်ဆီးတို့ နိုင်ပွဲပြန်ရဖို့ရှိတယ်။

**ဟက်ဒါဖီးလ် - ဝက်စ်ဟမ်း ည ၉း၃၀ (၁၃-၁-၁၈)**

ဟက်ဒါဖီးလ်တို့ ခြေစွမ်းအနည်းငယ်ကျနေပြီး နောက်ဆုံး လေးပွဲဆက်တိုက် အနိုင်ပျောက်ဆုံးခဲ့တာကို တွေ့ရပါတယ်။ ဒါပေမယ့် အဆိုပါအခြေအနေကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေသလို အိမ်ကွင်းလည်းဖြစ်နေပါတယ်။ ဝက်စ်ဟမ်းက ခြေစွမ်းပိုင်း တိုးတက်လာတယ်ဆိုပေမယ့်လည်း အဝေးကွင်း အနည်းငယ်အားနည်းတယ်။ ဝက်စ်ဟမ်း အမြင့်ဆုံးသရေလောက်ပဲရမယ်။

**ဝက်စ်ဘရွန်း - ဘရိုက်တန် ည ၉း၃၀ (၁၃-၁-၁၈)**

ဘရိုက်တန်ခြေက မဆိုးဘူးလို့ဆိုနိုင်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ တစ်ပွဲသာ အရေးနိမ့်ခဲ့ရပြီး အဆိုပါတစ်ပွဲကလည်း ချယ်လ်ဆီးလိုအသင်းမျိုးကို အရေးနိမ့်ခဲ့ရတာ ဖြစ်ပါတယ်။ ဒါပေမယ့် သတိပြုရမှာက ဘရိုက်တန်ဟာ အဝေးကွင်းပွဲတွေမှာတော့ တိုက်စစ်ပိုင်း အနည်းငယ်အားနည်းတတ်တာပဲဖြစ်ပါတယ်။ ဝက်စ်ဘရွန်းကတော့ အမှတ်လိုအပ်နေတာကြောင့် အိမ်ကွင်းမှာ အားစိုက်ကစားလာမှာဖြစ်တယ်။ ဝက်စ်ဘရွန်းနိုင်ပွဲကပ်ရမယ်။

**စပါး - အဲဗာတန် နံနက် ၀၀း၀၀ (၁၄-၁-၁၈)**

အဲဗာတန်အနေနဲ့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကောင်းမွန်မှုရှိလာတာ မှန်ပေမယ့် မန်ယူကို အရေးနိမ့်ခဲ့ရတာကြောင့်လည်း နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့် အခုရင်ဆိုင်ရမှာက စပါးအသင်းဖြစ်နေသလို စပါးခြေစွမ်းကလည်း ကောင်းမွန်နေပါတယ်။ အိမ်ကွင်းဖြစ်တာကြောင့်လည်း စပါးတို့ တိုက်စစ်အားပြုကစားလာမှာဖြစ်ပြီး ဟယ်ရီကိန်းလည်း ဂိုးသွင်းခြေရနေတယ်။ စပါးပဲ အနိုင်ရမယ်။

**ဘုန်းမောက် - အာဆင်နယ် ည ၈း၀၀ (၁၄-၁-၁၈)**

အာဆင်နယ်အနေနဲ့ ချယ်လ်ဆီးနဲ့ပွဲမှာ နိုင်ပွဲမရခဲ့တာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ အခုအချိန်မှာလည်း အာဆင်နယ်ခြေစွမ်းပိုင်း ကောင်းမွန်နေပါတယ်။ ဒါပေမယ့် ဘုန်းမောက်ခြေစွမ်းကလည်း အနည်းငယ်တိုးတက်လာသလို နောက်ဆုံး သုံးပွဲဆက်တိုက် အရှုံးမရှိခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒီပွဲမှာလည်း အမှတ်လိုနေတဲ့ ဘုန်းမောက်တို့ အားစိုက်ကစားလာမှာဖြစ်တဲ့အတွက် အာဆင်နယ် အခက်တွေ့နိုင်ကာ ကပ်ပြီးသာနိုင်မယ်။

**လီဗာပူး - မန်စီးတီး ည ၁၀း၃၀ (၁၄-၁-၁၈)**

ပွဲကောင်းတစ်ပွဲဖြစ်ပါတယ်။ ကော်တင်ဟိုကို ဆုံးရှုံးခဲ့ရတာ မှန်ပေမယ့်လည်း လီဗာပူးဟာ ဒီဇင်ဘာလလောက်ကတည်းက ကော်တင်ဟိုကို အဓိကအားပြုခဲ့ခြင်းမရှိခဲ့တာကို သတိပြုရမှာဖြစ်သလို မာနေး၊ ဆာလာတို့လို ကစားသမားတွေရှိနေသေးတဲ့အပြင် ဗန်ဒိုက်ပါဝင်လာမှာဖြစ်တာကြောင့်လည်း ခံစစ်ပိုင်းက ပိုမိုကောင်းမွန်လာနိုင်ပါတယ်။ ဒါကြောင့်လည်း မန်စီးတီးရဲ့ခြေစွမ်းပိုင်းကောင်းမွန်နေတယ်ဆိုပေမယ့်လည်း လီဗာပူးကိုအသာရဖို့ခက်မယ်။ မန်စီးတီးက ကြားရက်မှာ လိဂ်ဖလားဆီမီးဖိုင်နယ်ကစားခဲ့ရတာကြောင့်လည်း အနည်းငယ်ပွဲပန်းလာနိုင်ပါတယ်။ မန်စီးတီး သရေလောက်ပဲရမယ်။

**မန်ယူ - စတုတ် နံနက် ၂း၃၀ (၁၆-၁-၁၈)**

မန်စီးတီးက လီဗာပူးနဲ့ ပွဲကျပ်ကြုံနေချိန်မှာ မန်ယူတို့နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ လက်ရှိအချိန်မှာ မန်ယူရဲ့ခြေစွမ်းပိုင်းက အနည်းငယ်အားနည်းနေသလို တိုက်စစ်ပိုင်းကလည်း ဂိုးရယူနိုင်ရေးအတွက် ရုန်းကန်နေရပေမယ့် အိမ်ကွင်းဖြစ်နေကာ စတုတ်ရဲ့ ခြေစွမ်းနဲ့ ခံစစ်ပိုင်းကလည်း အဝေးကွင်းပွဲတွေမှာ အားနည်းမှုတွေရှိတတ်တာကို သတိပြုရမှာဖြစ်ပါတယ်။ မန်ယူတို့ အိမ်ကွင်းမှာ အမှတ်ပြည့်ရသွားနိုင်ပါတယ်။

ရှိုင်းမင်းမင်း

# နိုင်ပွဲ ပြန်လည်ရှာဖွေသွားမယ့် ဆီဗီလာ

**၂၀၁၇-၂၀၁၈ စပိန်လာလီဂါပြိုင်ပွဲရဲ့ ပွဲစဉ် ၁၉ ကို ဇန်နဝါရီလ ၁၃၊ ၁၄၊ ၁၅၊ ၁၆ ရက်တွေမှာ ပြန်လည်ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ နောက်ဆုံးကစားခဲ့တဲ့ပွဲစဉ် ၁၈ တုန်းက နိုင်ပွဲမရခဲ့တဲ့ ဆီဗီလာအနေနဲ့ နိုင်ပွဲပြန်လည်ရယူနိုင်မလားဆိုတာ စောင့်ကြည့်ရဖို့ရှိပါတယ်။**

**ဂီတာဖေး - မာလာဂါ နံနက် ၂း၃၀ (၁၃-၁-၁၈)**

မာလာဂါရဲ့အဝေးကွင်းခြေစွမ်းပိုင်းက အတော်လေးအားနည်းနေပါတယ်။ စုစုပေါင်း ကိုးပွဲကစားပြီးချိန်မှာ နိုင်ပွဲတစ်ပွဲသာရယူနိုင်ခဲ့သလို စုစုပေါင်း ရှစ်ပွဲတိတိရှုံးနိမ့်ခဲ့ပြီး တိုက်စစ်ကလည်း လေးဂိုးသာ သွင်းယူနိုင်ခဲ့တာကိုတွေ့ရပါတယ်။ ဂီတာဖေးကတော့ အိမ်ကွင်းမှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာဖြစ်ပါတယ်။ ဂီတာဖေးတို့ အိမ်ကွင်းမှာ နိုင်ပွဲရသွားဖို့ သေချာနေပါတယ်။

**ရီးယဲလ် - ဗီလာရီးယဲလ် ည ၉း၄၅ (၁၃-၁-၁၈)**

ဘာစီလိုနာနဲ့ အမှတ်ကွာဟမှုတွေများနေတဲ့ ရီးယဲလ်တို့အိမ်ကွင်းမှာ နိုင်ပွဲရအောင် အားစိုက်ကစားလာမှာသေချာနေပါတယ်။ လက်ရှိအချိန်မှာ ရီးယဲလ်အနေနဲ့ ခြေစွမ်းပိုင်းလည်း အနည်းငယ်တိုးတက်လာတာကို တွေ့ရပါတယ်။ ဒါ့အပြင် ဗီလာရီးယဲလ်က အဝေးကွင်းပွဲတွေမှာဆိုရင်လည်း ခံစစ်ပိုင်းက အနည်းငယ်အားနည်းတတ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ရီးယဲလ်တို့ အိမ်ကွင်း နိုင်ပွဲရယူသွားနိုင်ဖို့ရှိနေပါတယ်။ ဂိုးပြတ်ဖို့တော့ ခက်တယ်။

**အီဘား - အက်သလက် နံနက် ၀၀း၀၀ (၁၄-၁-၁၈)**

အီဘားက အိမ်ကွင်း ကိုးပွဲမှာ စုစုပေါင်းရှုံးပွဲနှစ်ပွဲသာရှိသေးတာကိုလည်း တွေ့ရပါတယ်။ ဒီပွဲစဉ်မှာလည်း အမှတ်ခွဲယူနိုင်အောင် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့်လည်း အက်သလက်တီကိုခြေကလည်း ကောင်းမွန်မှုအပြည့်ရှိနေကာ ခံစစ်ပိုင်းကစားပုံလည်း ကျစ်လျစ်မှုရှိတာကြောင့် အက်သလက်တီကိုသာ ကပ်နိုင်မယ်။

**ဒီပို့တီဗို - ဗလင်စီယာ နံနက် ၂း၁၅ (၁၄-၁-၁၈)**

ဗလင်စီယာတို့ နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့ပေမယ့် ဂျီရိုနာကို ခက်ခက်ခဲခဲရင်ဆိုင်ခဲ့ရတာကို ကြည့်ရင် အကောင်းဆုံးခြေစွမ်းကို ပြန်ရယူနိုင်ခြင်းမရှိသေးဘူးလို့ ဆိုရမှာဖြစ်ပါတယ်။ အဝေးကွင်းပွဲတွေမှာဆိုရင်လည်း ဗလင်စီယာခံစစ်ပိုင်းက အနည်းငယ်အားပျော့တတ်ပါတယ်။ ဒါပေမယ့် ဒီပို့တီဗိုခြေကလည်း အားနည်းမှုတွေရှိနေတာကြောင့် ဗလင်စီယာတို့ ထင်သလောက်တော့ အခက်မတွေ့နိုင်ပါဘူး။ ဗလင်စီယာ ကပ်ပြီးနိုင်ပွဲရသွားနိုင်ပါတယ်။

**လီဗန်တေး - ဆယ်လ်တာဗီဂို ညနေ ၅း၃၀ (၁၄-၁-၁၈)**

လီဗန်တေးက အိမ်ကွင်းပွဲတွေမှာ တိုက်စစ်ပိုင်းအားပြုကစားတတ်တာကြောင့် ဂိုးသွင်းနှုန်း ပိုမိုကောင်းမွန်တတ်ပေမယ့် ခံစစ်ပိုင်းကတော့ သိသိသာသာ အားနည်းလေ့ရှိတာကို သတိပြုရမှာဖြစ်ပါတယ်။ ဒီပွဲမှာလည်း လီဗန်တေးတို့ တိုက်စစ်ပိုင်းကိုသာ အားပြုကစားလာရင် ဆယ်လ်တာဗီဂိုးရဲ့တန်ပြန်တိုက်စစ်ကို ထိန်းချုပ်နိုင်ဖို့ခက်ခဲနိုင်ပါတယ်။ ဆယ်လ်တာဗီဂိုရဲ့ အဝေးကွင်းတိုက်စစ်ပိုင်းကလည်း ကောင်းမွန်တာကြောင့် ဆယ်လ်တာဗီဂိုပဲနိုင်ပွဲရမယ်။

**အလာဗက်စ် - ဆီဗီလာ ည ၉း၄၅ (၁၄-၁-၁၈)**

ဆီဗီလာရဲ့အဝေးကွင်းခြေစွမ်းက စိတ်ချရမှုမရှိဘူး။ တိုက်စစ်ပိုင်း အားနည်းတတ်တာကြောင့် အဝေးကွင်းမှာ နိုင်ပွဲရယူနိုင်ဖို့ ရုန်းကန်ရလေ့ရှိတယ်။ ဒါပေမယ့် အလာဗက်စ်ရဲ့ ခြေစွမ်းပိုင်းကလည်း အားနည်းမှုတွေရှိနေကာ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေမတည်ငြိမ်ဘူး။ ဒါကြောင့် ဆီဗီလာတို့ ဒီပွဲမှာတော့ အခွင့်အရေးရနိုင်ကာ နိုင်ပွဲလည်း ရယူသွားနိုင်ဖို့ရှိနေပါတယ်။ ဒါပေမယ့် တိုက်စစ်ပိုင်းအားနည်းမှုတွေကြောင့် နှစ်သင်းပေါင်း သွင်းဂိုးနည်းနိုင်တယ်။

**အက်စ်ပန်ညို - ဘီဘာအို နံနက် ၀၀း၀၀ (၁၅-၁-၁၈)**

ဘီဘာအိုက အဝေးကွင်းပွဲတွေမှာဆိုရင် တိုက်စစ်ကစားပုံက ကောင်းမွန်တတ်ပေမယ့် ခံစစ်ပိုင်းကတော့ ဂိုးပေးရမှုနှုန်း ပိုမိုများတာကို သတိပြုရမှာဖြစ်ပါတယ်။ ဒါ့အပြင် အက်စ်ပန်ညိုက အိမ်ကွင်းပွဲတွေမှာ အသင်းလိုက်ခြေစွမ်းပိုင်းကောင်းမွန်တတ်သလို ခံစစ်ပိုင်းကစားပုံလည်း ကျစ်လစ်မှုရှိတတ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ ဘီဘာအိုတို့ အမြင့်ဆုံးသရေလောက်ပဲရမယ်။

**ဆိုစီဒက် - ဘာစီလိုနာ နံနက် ၂း၁၅ (၁၅-၁-၁၈)**

ဘာစီလိုနာခြေက ကောင်းမွန်နေဆဲဖြစ်တယ်။ ကော်တင်ညိုကို ထပ်မံခေါ်ယူနိုင်ခဲ့တာကြောင့်လည်း တိုက်စစ်ပိုင်းက ပိုမိုကောင်းမွန်လာနိုင်ပါတယ်။ ဆိုစီဒက်ကတော့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်း တည်ငြိမ်မှုမရှိသေးတာကိုတွေ့ရပါတယ်။ ဒါကြောင့်လည်း အိမ်ကွင်းဖြစ်ပေမယ့် ဆိုစီဒက်စ်အနေနဲ့ ဘာစီလိုနာကို တုံ့ပြန်ကစားနိုင်ဖို့ ခက်ခဲနိုင်ပါတယ်။ ဘာစီလိုနာအနေနဲ့ အမှတ်ကွာဟမှုကို ထိန်းချုပ်နိုင်ဖို့အတွက်လည်း တိုက်စစ်အားပြုကစားမှာဖြစ်တာကြောင့် ဒီပွဲမှာဘာစီလိုနာကသာ နိုင်ပွဲရသွားမှာပါ။

## ပေါင်သန်း ၁၄၀ တန် ပြောင်းရွှေ့မှုအပြီး ကော်တင်ဟို သုံးပတ် အနားယူရမည်

ကော်တင်ဟိုအနေဖြင့် ဆေးစစ်မှုပြုလုပ်ရာတွင် ပေါင်ဒဏ်ရာရှိနေခြင်းကြောင့် သုံးပတ်တာ အနားယူရမည်ဖြစ်ကြောင်း ဘာစီလိုနာဘက်မှအတည်ပြုခဲ့ရာ လာမည့်ကြာသပတေးနေ့ ဆယ်လ်တာဗီဂိုနှင့် ကိုပါဒယ်ရေးဖလားပြိုင်ပွဲတွင် ကော်တင်ဟို ဝင်ရောက်ကစားသည်ကို မျှော်လင့်နေသည့် ဘာကာပရိသတ်များအတွက် စိတ်ပျက်စရာဖြစ်လာခဲ့သည်။ ကော်တင်ဟိုသည် လီဗာပူးမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကြေး ပေါင် ၁၄၂ သန်းဖြင့် ရောက်ရှိလာခဲ့ပြီးနောက် ဘာကာနှင့် ဆေးစစ်မှု နှစ်ဆင့်ပြုလုပ်ရာတွင် ဒဏ်ရာပြဿနာရှိသည်ကို တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

ပထမအကြိမ် ဆေးစစ်မှုကို ဇန်နဝါရီ ၈ ရက် စပိန်ဒေသစံတော်ချိန် နံနက် ၇ နာရီခွဲတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဒုတိယအဆင့်ကို အချိန်ခဏသာခြားပြီး ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဓာတ်မှန်အဖြေများအရ ကော်တင်ဟို၏ ညာဘက်ပေါင်တွင် ဒဏ်ရာရှိနေသည်ကို တွေ့ခဲ့ရရာ ကော်တင်ဟိုမှာ ဘာစီလိုနာသို့ ကလပ်အသင်း စံချိန်တင်ပြောင်းရွှေ့ဖြင့် ရောက်ရှိလာပြီး တစ်ပွဲမျှ မကစားရသေးမီမှာပင် သုံးပတ်အနားယူရတော့မည်ဖြစ်သည်။



မလေ့သင်း-ရေးသားသည်

## စပါးနှင့် စာချုပ်သစ်ကိစ္စဆွေးနွေးမည်မဟုတ်ကြောင်း ဟယ်ရီကိန်း အုံအားသင့်ဖွယ် ထုတ်ဖော်ပြောကြား

စပါးစူပါစတား တိုက်စစ်မှူး ဟယ်ရီကိန်းက လတ်တလောတွင် ကလပ်အသင်းနှင့် စာချုပ်သစ်ကိစ္စဆွေးနွေး ခြင်းမရှိသလို ဆွေးနွေးမှုလည်း ပြုချင်မှလည်း ပြုမည်ဖြစ်ကြောင်း အံ့အားသင့်ဖွယ် ထုတ်ဖော်ပြောကြားခဲ့သည်။ စပါးအသင်းက ကိန်းကို တစ်ပတ်လုပ်ခ ပေါင် ၂၀၀၀၀၀ ဖြင့် စာချုပ်သစ်ကမ်းလှမ်းထားပြီး နည်းပြ ပိုချက်တီနိုကိုယ်တိုင်ကလည်း ကိန်းကို စပါးအသင်းမှ မြေတောင်မြှောက်ပေးခဲ့ခြင်းဖြစ်သည်ဟု သတိပေးထားပြီးနောက် ကိန်းက ယခုကဲ့သို့ သတိပေးစကားဆိုလိုက်ခြင်း ဖြစ်သည်။

ထို့ပြင် ပိုချက်တီနိုက ကလပ်အသင်းမှာ ကစားသမားများကို ထိန်းသိမ်းရန် ဩဇာသက်ရောက်မှုမရှိကြောင်းဝန်ခံခဲ့ရာ ကိန်းက "ဒါက ထင်မြင်ချက်တစ်ခုပါပဲ၊ ကစားသမားတစ်ဦး အသင်းက ထွက်ခွာချင်တယ်ဆိုရင် သူ့ကို ဘယ်သူက တားလို့ရနိုင်မှာလဲ"ဟု တုံ့ပြန်ပြောကြားခဲ့သည်။ ကိန်းက ကော်တင်ဟို၏ဆုံးဖြတ်ချက်မှာ အလွန်ပရော်ဖက်ရှင်နယ်ကျသည်ဟု ချီးကျူးစကားဆိုလိုက်ပြန်ရာ ကော်တင်ဟိုလို အသင်းပြောင်းရန် ဆုံးဖြတ်ထားပုံရသည်ဟူသော ထင်မြင်ချက်များကို ပိုမိုခိုင်မာအားကောင်းစေခဲ့သည်။ ကိန်းက သူ၏ ရည်မှန်းချက်မှာလည်း အကြိမ်ကြိမ်ပြောကြားခဲ့ဖူးသလို ချန်ပီယံဆုဖလားများကိုင်မြှောက်ရေးသာဖြစ်ကြောင်း ထောက်ပြပြောကြားခဲ့သည်။

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပြဌာန်း

**ယမန်နေ့မှအဆက်**

**တာဝန်ကန့်သတ်မထားသည့် ဒါရိုက်တာများ၏ တာဝန်**

၂၉၄။တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုအား စာရင်းရှင်းလင်းဖျက်သိမ်းသည့်အခါတွင် ဤဥပဒေအရ သို့မဟုတ် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ တာဝန်ကန့်သတ်ထားခြင်းမရှိသော ယခင်ကသော်လည်းကောင်း၊ ယခုသော်လည်းကောင်း ကုမ္ပဏီတွင်တာဝန်ထမ်းဆောင်ကြသည့် ဒါရိုက်တာ တစ်ဦးဦးသည် ကုမ္ပဏီ၏ သာမန်ပါဝင်သူတစ်ဦးအဖြစ် ငွေကြေးထည့်ဝင်ရန်တာဝန်ရှိခဲ့လျှင် ၎င်းတာဝန်အပြင် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းမှု စတင်ဆောင်ရွက်သည့်အချိန်တွင် တာဝန် ကန့်သတ်မထားသည့် ကုမ္ပဏီတစ်ခုတွင် ပါဝင်သူတစ်ဦး ဖြစ်သကဲ့သို့ ငွေကြေးထည့်ဝင်မှုများကို ထပ်မံပြုလုပ်ရန် တာဝန်ရှိသည်။ သို့ရာတွင် -

(က) ဒါရိုက်တာအဖြစ် ယခင်က ဆောင်ရွက်ခဲ့သူတစ်ဦးသည် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်သည့်နေ့မတိုင်မီ တစ်နှစ် သို့မဟုတ် ထိုထက်ပိုသော ကာလကပင် တာဝန်မှရပ်စဲခဲ့ပြီးဖြစ်လျှင် ၎င်းအနေဖြင့် ဖော်ပြပါ ငွေကြေးထည့်ဝင်မှုများကို ထပ်မံပြုလုပ်ရန် တာဝန်မရှိစေရ။

(ခ) ဒါရိုက်တာအဖြစ် ယခင်က ဆောင်ရွက်ခဲ့သူတစ်ဦးသည် ၎င်းအနေဖြင့် အဆိုပါတာဝန်မှ ရပ်စဲခဲ့ပြီးနောက်ပိုင်း၌ ကုမ္ပဏီက ပဋိညာဉ်ပြုလုပ်ထားသည့် ကြွေးမြီ သို့မဟုတ် တာဝန်ရှိမှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ငွေကြေးထည့်ဝင်မှုများကို ထပ်မံပြုလုပ်ရန်တာဝန်မရှိစေရ။

(ဂ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ကုမ္ပဏီ၏ ကြွေးမြီများနှင့် တာဝန်ရှိမှုများ၊ ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းသည့်ကိစ္စရပ်အတွက် ကုန်ကျစရိတ်များ၊ အခကြေးငွေများနှင့် အသုံးစရိတ်များအတွက် ကျခံနိုင်ရန်အလို့ငှာအဆိုပါငွေကြေးထည့်ဝင်မှု ပြုလုပ်ရန် လိုအပ်ကြောင်း တရားရုံးက ယူဆခြင်းမရှိလျှင် ဒါရိုက်တာတစ်ဦးသည် အဆိုပါ ငွေကြေးထည့်ဝင်မှုများကို ထပ်မံပြုလုပ်ရန် တာဝန်မရှိစေရ။

**ကြွေးမြီပေးဆပ်ရသူ၏ တာဝန်များ**

၂၉၅။ကြွေးမြီပေးဆပ်ရသူတစ်ဦး၏ တာဝန်ရှိမှုသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ၎င်းအပေါ် သတ်မှတ်သည့် ငွေကြေးထည့်ဝင်ရန်တောင်းခေါ်မှုများတွင် သတ်မှတ်ပါရှိသော အချိန်ကာလ၌ ပေးချေရမည့် ကြွေးမြီတစ်ရပ်ကို အကြွေးအဖြစ်သတ်မှတ်ရမည်။

**ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦး သေဆုံးသည့်ကိစ္စရပ်**

၂၉၆။(က) ကြွေးမြီပေးဆပ်ရသူတစ်ဦးသည် ၎င်းအား ကြွေးမြီပေးဆပ်ရသူများစာရင်း၌ ထည့်သွင်းဖော်ပြခြင်း မပြုမီတွင်ဖြစ်စေ၊ ထည့်သွင်းဖော်ပြပြီးနောက်တွင်ဖြစ်စေ သေဆုံးသွားခဲ့လျှင် ၎င်း၏ တရားဝင်ကိုယ်စားလှယ်များနှင့် အမွေဆက်ခံသူများသည် ၎င်း၏တာဝန်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များစာရင်းသို့ နည်းလမ်းတကျ ထည့်ဝင်ရန် တာဝန်ရှိပြီး ၎င်းတို့သည် ကြွေးမြီပေးဆပ်ရသူများ ဖြစ်လာစေရမည်။

(ခ) တရားဝင်ကိုယ်စားလှယ်များနှင့် အမွေဆက်ခံသူများသည် ၎င်းတို့က ပေးသွင်းရမည့် ငွေကြေးတစ်ရပ်ရပ်ကိုပေးသွင်းရန် ပျက်ကွက်ခဲ့လျှင် ပေးချေရန်တာဝန်ရှိသည့် ငွေကြေးများကို အတင်းအကျပ်ပြုပေးချေစေရန်အလို့ငှာ သေဆုံးသွားသော ကြွေးမြီပေးဆပ်ရသူ၏ ရွှေ့ပြောင်းနိုင်သော ပစ္စည်းကိုဖြစ်စေ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းကိုဖြစ်စေ စီမံခန့်ခွဲမှု ပြုနိုင်ရန်အတွက် တရားစွဲဆိုဆောင်ရွက်မှုများကို ပြုလုပ်နိုင်သည်။

**ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦး လူမွဲဖြစ်သည့်ကိစ္စရပ်**

၂၉၇။ကြွေးမြီပေးဆပ်ရသူတစ်ဦးသည် ၎င်းအား ကြွေးမြီပေးဆပ်ရသူများစာရင်း၌ ထည့်သွင်းဖော်ပြခြင်း မပြုမီတွင်ဖြစ်စေ၊ ထည့်သွင်းဖော်ပြပြီးနောက်တွင်ဖြစ်စေ လူမွဲဖြစ်ကြောင်းသတ်မှတ်ခံရလျှင် -

(က) ၎င်း၏ လွှဲအပ်ခြင်းခံရသူများသည် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကိစ္စရပ်များ အားလုံးတွင် ၎င်း၏ကိုယ်စား ဆောင်ရွက်ရမည်ဖြစ်ပြီး ၎င်းတို့သည် ကြွေးမြီပေးဆပ်ရသူများ ဖြစ်လာ စေရမည်။ ၎င်းတို့အား လူမွဲအဖြစ်ခံယူသူ၏ ပစ္စည်းဥစ္စာများအပေါ် အထောက်အထားများ တင်ပြစေနိုင်သည် သို့မဟုတ် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များစာရင်းသို့ ထည့်ဝင်ရမည့် ၎င်း၏တာဝန်နှင့် စပ်လျဉ်း၍ လူမွဲအဖြစ်ခံယူသူက ပေးချေရန်တာဝန်ရှိသည့် ငွေကြေးတစ်ရပ်ရပ်ကို ဥပဒေနှင့်အညီ ၎င်း၏ရရန်ပိုင်ခွင့်များမှ ပေးချေစေရန် ခွင့်ပြုနိုင်သည်။ ၎င်းအပြင်

(ခ) လူမွဲအဖြစ်ခံယူသူ၏ ပစ္စည်းဥစ္စာများအပေါ် နောင်တွင်တောင်းဆိုမည့် သို့မဟုတ် တောင်းဆိုပြီး ဖြစ်သည့် ၎င်းအနေဖြင့် တာဝန်ရှိမည့် ခန့်မှန်းချေငွေပမာဏအား သတ်မှတ်နိုင်သည်။

**တရားရုံး၏ဆုံးဖြတ်ချက်ဖြင့် ဖျက်သိမ်းခြင်း**

**တရားရုံး၏ဆုံးဖြတ်ချက်ဖြင့် ကုမ္ပဏီကို ဖျက်သိမ်းနိုင်သည့် အခြေအနေများ**

၂၉၈။တရားရုံးသည် အောက်ပါအခြေအနေတစ်ခုခုဖြစ်ပေါ်လာလျှင် ကုမ္ပဏီတစ်ခုကိုဖျက်သိမ်းနိုင်သည်-

(က) ကုမ္ပဏီကို တရားရုံး၏ဆုံးဖြတ်ချက်ဖြင့် ဖျက်သိမ်းနိုင်သည်ဟု ကုမ္ပဏီက အထူးဆုံးဖြတ်ချက်ချမှတ်၍ ဆောင်ရွက်လျှင်၊

(ခ) ဥပဒေအရလိုက်နာဆောင်ရွက်ရသော အစီရင်ခံစာများတင်ပြရာတွင်ဖြစ်စေ၊ အစည်းအဝေးများကို ကျင်းပရာတွင်ဖြစ်စေ ပျက်ကွက်မှု ရှိခဲ့လျှင်၊

(ဂ) ကုမ္ပဏီကို ဖွဲ့စည်းတည်ထောင်သည့်အချိန်မှစ၍ တစ်နှစ်အတွင်း ယင်း၏စီးပွားရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နိုင်မှုမရှိလျှင် သို့မဟုတ် ထိုကာလတစ်နှစ်လုံးအတွက် ယင်း၏စီးပွားရေးလုပ်ငန်းများကို ဆိုင်းငံ့ထားလျှင်၊

(ဃ) ကုမ္ပဏီတွင်ပါဝင်သူများ၏ အရေအတွက်ကို တစ်ဦးအောက်အထိ လျှော့ချခဲ့လျှင်၊

(င) ကုမ္ပဏီသည် ယင်း၏ကြွေးမြီများကို ပေးချေခြင်းမပြုနိုင်ခဲ့လျှင်၊

(စ) ကုမ္ပဏီကို ဖျက်သိမ်းခြင်းမှာ သင့်လျော်မှန်ကန်၍ တရားမျှတသည်ဟု တရားရုံးမှ ထင်မြင်လျှင်။

**ကုမ္ပဏီသည်ယင်း၏ကြွေးမြီများကို ပေးချေခြင်းမပြုနိုင်ဟု ယူဆရန်အကြောင်းများ**

၂၉၉။(က) ဤအခန်းပါ ကိစ္စရပ်များအတွက် အောက်ပါကိစ္စရပ်တစ်ခုခု ပေါ်ပေါက်ခဲ့လျှင် ကုမ္ပဏီတစ်ခုသည် ယင်း၏ကြွေးမြီများကိုပေးချေခြင်း မပြုနိုင်ဟု မှတ်ယူရမည် -

(၁) လွှဲအပ်ခြင်းဖြင့်သော်လည်းကောင်း၊ အခြားနည်းတစ်ရပ်ရပ်ဖြင့် သော်လည်းကောင်း ကုမ္ပဏီက ကျပ်နှစ်သိန်းငါးသောင်းထက်ပိုမိုသော ငွေပမာဏအား ကြွေးမြီပေးချေရန် တင်ရှိနေသော မြီရှင်တစ်ဦးဦးသည် ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောရုံးခန်းသို့ မှတ်ပုံတင်စာဖြင့် ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ အကြောင်းကြားစာပေးပို့၍ ကုမ္ပဏီက ပေးရန်ရှိသည့် ငွေပမာဏကို ၎င်းထံပေးချေစေရန် တောင်းဆိုခဲ့ပြီး ကုမ္ပဏီသည် ထိုသို့တောင်းဆိုငွေကို ပေးချေရန် သို့မဟုတ် ကြွေးမြီအတွက် မြီရှင်က ကျေနပ်လက်ခံ နိုင်လောက်သော အာမခံမှုတစ်ရပ်ရပ် ပြုလုပ်ရန် ထိုသို့အကြောင်းကြားသည့်နေ့မှ သုံးပတ်အထိ ပျက်ကွက်နေခဲ့လျှင် သို့မဟုတ်

(၂) ကုမ္ပဏီ၏ မြီရှင်ကို အနိုင်ပေးသည့် တရားရုံးတစ်ရုံးရုံး၏ ဒီကရီ သို့မဟုတ် အမိန့် တစ်ရပ်အားအတည်ပြုခြင်း သို့မဟုတ် ယင်းနှင့်စပ်လျဉ်း၍ ထုတ်ပြန်ဆောင်ရွက်မှု အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ဆောင်ရွက်နိုင်မှုမရှိခဲ့လျှင် သို့မဟုတ်

(၃) ကုမ္ပဏီသည် ယင်း၏ကြွေးမြီများအား ပေးဆပ်နိုင်ခြင်းမရှိကြောင်း တရားရုံးမှ ကျေနပ်လက်ခံနိုင်လျှင် ကုမ္ပဏီမှာ ယင်း၏ကြွေးမြီများကို ပေးဆပ်နိုင်ခြင်းရှိမရှိဟူသည့် ကိစ္စရပ်ကို ဆုံးဖြတ်သည့်အခါတွင် တရားရုံးသည် ကုမ္ပဏီ၏ဖြစ်ပေါ်လာဖွယ်ရှိသည့် တာဝန်ရှိမှုများကို ထည့်သွင်းသုံးသပ်ရမည်။

(ခ) ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၁) တွင် ဖော်ပြပါရှိသည့် တောင်းဆိုချက်ကို မြီရှင်၏ ကိုယ်စား တရားဝင်အခွင့်အာဏာအပ်နှင်းခြင်းခံရသော ကိုယ်စားလှယ် သို့မဟုတ် ဥပဒေအကြံပေး တစ်ဦးက လက်မှတ်ရေးထိုးခဲ့လျှင် သို့မဟုတ် လုပ်ငန်းစုတစ်ရပ်ဖြစ်သည့်အခါတွင် ထိုလုပ်ငန်းစု၏ ကိုယ်စားအဖြစ် ကိုယ်စားလှယ် သို့မဟုတ် ဥပဒေအကြံပေး သို့မဟုတ် လုပ်ငန်းစု၏အဖွဲ့ဝင်တစ်ဦးဦးက လက်မှတ်ရေးထိုးခဲ့လျှင် မြီရှင်ကိုယ်တိုင် တရားဝင် ပေးအပ်ဆောင်ရွက်ခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

**လက်အောက်ခံတရားရုံးသို့ လွှဲအပ်ဆောင်ရွက်နိုင်သည့် ကုမ္ပဏီဖျက်သိမ်းခြင်းများအကြောင်း**

၃၀၀။ တရားရုံးသည် ကုမ္ပဏီတစ်ခုအားဖျက်သိမ်းရန်အတွက် ဤဥပဒေအရ အမိန့်တစ်ရပ် ချမှတ်သည့်အခါ ယင်းက သင့်သည်ထင်မြင်သည့်အတိုင်း လက်အောက်ခံတရားရုံးတစ်ခုခုတွင် ဆက်လက် စစ်ဆေးကြားနာစေရန် ညွှန်ကြားနိုင်သည်။ ထိုသို့လက်ခံဆောင်ရွက်ရသည့် လက်အောက်ခံတရားရုံးကို ကုမ္ပဏီဖျက်သိမ်းရန်ကိစ္စရပ်အတွက် ဤဥပဒေတွင် ဖော်ပြထားသော "တရားရုံး" ဖြစ်သည်ဟု မှတ်ယူ ရမည်ဖြစ်ပြီး ကုမ္ပဏီဖျက်သိမ်းရန် ကိစ္စရပ်အတွက်တရားရုံး၏ စီရင်ပိုင်ခွင့်နှင့် အခွင့်အာဏာများ ရရှိစေရမည်။

**ကုမ္ပဏီဖျက်သိမ်းရန်ကိစ္စရပ်ကို တရားရုံးတစ်ခုမှ အခြားတရားရုံးတစ်ခုသို့ လွှဲပြောင်းခြင်း**

၃၀၁။တရားရုံးတစ်ခုခုတွင် ကုမ္ပဏီဖျက်သိမ်းရန် ကိစ္စရပ်တစ်ခုကို ဆောင်ရွက်နေသည့်ကာလအတွင်း ကုမ္ပဏီဖျက်သိမ်းရန်ကိစ္စရပ်ကို စစ်ဆေးစီရင်ခွင့်ရှိသော အခြားတရားရုံးတစ်ခုခုတွင် တရားစွဲဆို စစ်ဆေးခြင်းသည် ပိုမို၍အဆင်ပြေလွယ်ကူစေမည်ဖြစ်ကြောင်း တရားရုံးကတွေ့ရှိလျှင် ယင်းသည် အခြားတရားရုံးတစ်ခုသို့ လွှဲပြောင်းပေးနိုင်ပြီး ကုမ္ပဏီဖျက်သိမ်းရန်ကိစ္စရပ်ကို အဆိုပါ လွှဲပြောင်းလက်ခံ ရရှိသည့်တရားရုံး၌ ဆက်လက်ဆောင်ရွက်ရမည်။

**ကုမ္ပဏီဖျက်သိမ်းရန်အတွက် လျှောက်ထားခြင်းများနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များ**

၃၀၂။ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းရန်အတွက် တရားရုံးသို့ လျှောက်ထားမှုတစ်ရပ်ကို ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီကဖြစ်စေ၊ ဖြစ်ပေါ်လာမည့် သို့မဟုတ် အလားအလာရှိသည့် မြီရှင် သို့မဟုတ် မြီရှင်များ အပါအဝင် မြီရှင်တစ်ဦး သို့မဟုတ် မြီရှင်များကဖြစ်စေ၊ ကြွေးမြီပေးဆပ်ရသူ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများကဖြစ်စေ၊ ယင်းတို့အားလုံး သို့မဟုတ် တစ်ဦးဦးကဖြစ်စေ စုပေါင်း၍သော်လည်းကောင်း၊ သီးခြားစီဖြင့်သော်လည်းကောင်း သို့မဟုတ် မှတ်ပုံတင်အရာရှိကဖြစ်စေ လျှောက်လွှာဖြင့် တင်ပြဆောင်ရွက်ရမည်။ သို့ရာတွင် -

(က) ကြွေးမြီပေးဆပ်ရသူတစ်ဦးသည် ၎င်းနှင့် သက်ဆိုင်သည့် အစုရှယ်ယာများ သို့မဟုတ် အစုရှယ်ယာအချို့ကို ကုမ္ပဏီအားဖျက်သိမ်းမှု စတင်ခြင်းမပြုမီ ၁၈ လအတွင်း အနည်းဆုံး ခြောက်လအထိ ၎င်းထံသို့ မူလကပင်ထုတ်ဝေထားပြီးဖြစ်ခြင်း သို့မဟုတ် ၎င်းက ပိုင်ဆိုင်ထားပြီးဖြစ်ခြင်း၊ ၎င်းအမည်ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်ခြင်း သို့မဟုတ် ယခင် ပိုင်ရှင်သေဆုံးခဲ့သဖြင့် ၎င်းထံသို့ လွှဲပြောင်းပေးခြင်းမရှိခဲ့လျှင် ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းရန်အတွက် လျှောက်လွှာတင်ပြခွင့်မရှိစေရ။

(ခ) အောက်ပါအကြောင်းအရာများ ပေါ်ပေါက်ခြင်းမရှိလျှင်မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီ တစ်ခုကိုဖျက်သိမ်းရန်အတွက် လျှောက်လွှာတင်ပြခွင့်မရှိစေရ -

(၁) ကုမ္ပဏီ၏ လက်ကျန်ရှင်းတမ်း (balance sheet) တွင် သို့မဟုတ် ပုဒ်မ ၂၇၁ အရ ခန့်အပ်ထားသည့် စစ်ဆေးသူတစ်ဦးဦး၏ အစီရင်ခံစာတွင် ထုတ်ဖော်တင်ပြထားသည့် ကုမ္ပဏီ၏ဘဏ္ဍာရေးဆိုင်ရာအခြေအနေအရ ၎င်းကြွေးမြီများကို ပေးဆပ်နိုင်ခြင်းမရှိဟု ပေါ်ပေါက်လျှင်၊ ၎င်းအပြင်

(၂) လျှောက်လွှာတင်ပြရန်အတွက် ပြည်ထောင်စုဝန်ကြီး၏ ကြိုတင်ခွင့်ပြုချက်ကို ရယူထားလျှင်၊ သို့ရာတွင် ကုမ္ပဏီသည် ကြားနာသည့်အခွင့်အရေးကို ဦးစွာ မရရှိခဲ့လျှင် အဆိုပါ ခွင့်ပြုချက်ကို ပေးအပ်ခြင်းမပြုရ။

(ဂ) ဥပဒေအရ လိုက်နာဆောင်ရွက်ရသော အစီရင်ခံစာများ တင်ပြရာတွင်ဖြစ်စေ၊ ဥပဒေအရ လိုက်နာဆောင်ရွက်ရသော အစည်းအဝေးများကို ကျင်းပရာတွင်ဖြစ်စေ ပျက်ကွက်မှုရှိခဲ့သည့် အကြောင်းကြောင့် ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းရန်အတွက် လျှောက်လွှာတင်ပြခြင်းကို အစည်းအဝေးကျင်းပရမည့်နောက်ဆုံးနေ့ရက်မှ ၁၄ ရက်ထက် ကျော်လွန်ပြီး အစုရှယ်ယာရှင်က တင်ပြခြင်းမှတစ်ပါး အခြားသူတစ်ဦးဦးက တင်ပြခြင်းမပြုရ။

(ဃ) တရားရုံးသည် ယင်းက သင့်သည်ထင်မြင်သည့်အတိုင်း အမှုအတွက် ကုန်ကျစရိတ်အပေါ် အာမခံတင်သွင်းသည့် ကာလအထိ သို့မဟုတ် ကုမ္ပဏီဖျက်သိမ်းရန်အတွက် စွဲချက်တင်နိုင်လောက်အောင် မြင်သာသော အထောက်အထားရှိသည့်အမှုဖြစ်ကြောင်း တရားရုံးအနေဖြင့် လက်ခံနိုင်သည့်ကာလအထိဖြစ်ပေါ်လာမည့် သို့မဟုတ် အလားအလာရှိသည့် မြီရှင်က တင်ပြသော ကုမ္ပဏီဖျက်သိမ်းရန်အတွက် လျှောက်ထားမှုကို ကြားနာခြင်းမပြုရ။

**ကုမ္ပဏီဖျက်သိမ်းရန် အမိန့်၏အကျိုးသက်ရောက်မှု**

၃၀၃။ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ်သည် မြီရှင်တစ်ဦးဦးနှင့် ကြွေးမြီပေးဆပ်ရသူ တစ်ဦးဦးတို့က ပူးတွဲတင်ပြသည့်လျှောက်လွှာအပေါ်တွင် ချမှတ်သည့်အမိန့်တစ်ရပ်အဖြစ် မြီရှင်များ အားလုံးနှင့် ကြွေးမြီပေးဆပ်ရသူများ အားလုံးတို့အတွက် အကျိုးသက်ရောက်စေရမည်။

**တရားရုံးက ကုမ္ပဏီဖျက်သိမ်းခြင်း စတင်သည့်အချိန်**

၃၀၄။တရားရုံးက ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းခြင်းသည် ကုမ္ပဏီဖျက်သိမ်းရန်အတွက် လျှောက်လွှာတင်ပြသည့်အချိန်မှ စတင်သည်ဟု မှတ်ယူရမည်။

**တရားရုံးက တားမြစ်သည့်အမိန့်များ ထုတ်ဆင့်နိုင်ခြင်း**

၃၀၅။ဤဥပဒေအရ ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းရန်အတွက် လျှောက်လွှာတင်ပြပြီးနောက် သို့မဟုတ် ကုမ္ပဏီဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ်ကို ချမှတ်ခြင်းမပြုမီ မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီမြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးက လျှောက်ထားတင်ပြလာလျှင် တရားရုံးသည် သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များဖြင့် ကုမ္ပဏီအပေါ် တရားစွဲဆိုမှု သို့မဟုတ် စစ်ဆေးဆောင်ရွက်မှု တစ်ရပ်ရပ်တွင် ထပ်မံစစ်ဆေးဆောင်ရွက်မှုများကို ရပ်ဆိုင်းထားနိုင်သည်။

**လျှောက်ထားမှုကို ကြားနာခြင်းနှင့် စပ်လျဉ်းသည့် တရားရုံး၏ အခွင့်အာဏာ**

၃၀၆။(က) လျှောက်ထားမှုကို ကြားနာသည့်အခါ တရားရုံးသည် သင့်သည်ထင်မြင်လျှင် စရိတ်နှင့်ဖြစ်စေ၊ စရိတ်မပါဘဲဖြစ်စေ အဆိုပါ လျှောက်လွှာအား ပလပ်နိုင်သည် သို့မဟုတ် ခြွင်းချက်ဖြင့်ဖြစ်စေ၊ ခြွင်းချက်မပါရှိဘဲလျက်ဖြင့်ဖြစ်စေ ကြားနာခြင်းကိုရွှေ့ဆိုင်းနိုင်သည် သို့မဟုတ် ကြားဖြတ်အမိန့်တစ်ရပ်ရပ် သို့မဟုတ် အခြားအမိန့်တစ်ရပ်ရပ်ကို တရားရုံးက သင့်လျော် သည်ဟုထင်မြင်သည့်အတိုင်း ချမှတ်နိုင်သည်။ သို့သော် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များနှင့် ညီမျှသော သို့မဟုတ် ပိုမိုသောပမာဏအထိ ထိုရရန်ပိုင်ခွင့်များကို ပေါင်နှံထားသည် သို့မဟုတ် ကုမ္ပဏီတွင် ရရန်ပိုင်ခွင့်များ မရှိဟူသော အကြောင်းမျှဖြင့် တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်တစ်ရပ်ကို ချမှတ်ရန်အတွက် ငြင်းပယ်ခြင်းမပြုရ။

(ခ) ဥပဒေအရလိုက်နာဆောင်ရွက်ရသော အစီရင်ခံစာများတင်ပြရာတွင်ဖြစ်စေ၊ အစည်းအဝေးများကို ကျင်းပရာတွင်ဖြစ်စေ ပျက်ကွက်မှုရှိခဲ့သည့်အကြောင်းကြောင့် ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းရန်အတွက် လျှောက်လွှာတင်ပြလာခြင်းဖြစ်လျှင် တရားရုံးသည် သင့်သည် ထင်မြင်သည့်အတိုင်း ပျက်ကွက်မှုနှင့်သက်ဆိုင်သော တာဝန်ရှိသူများကပေးချေရမည့် ကုန်ကျစရိတ်များအတွက် အမိန့်တစ်ရပ်ချမှတ်နိုင်သည်။

(ဂ) တရားရုံးသည် ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ်ချမှတ်သည့်အခါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးအား တစ်ပြိုင်တည်း ခန့်အပ်ခြင်းမှအပ အဆိုပါ အမိန့်ကို တရားဝင်ခန့်အပ်ထားသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူထံသို့ ပေးပို့ရမည်။

**ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်နှင့်စပ်လျဉ်း၍ ဆိုင်းငံ့ထားသည့် အမှုများ**

၃၀၇။ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်တစ်ရပ်ကို ချမှတ်ပြီးသည့်အခါတွင် သို့မဟုတ် ယာယီစာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိတစ်ဦးကို ခန့်အပ်ပြီးသည့်အခါတွင် တရားရုံးကသတ်မှတ်သည့် စည်းကမ်းချက်များနှင့်အညီ တရားရုံး၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်းမှတစ်ပါး ကုမ္ပဏီအပေါ် တရားစွဲဆိုမှု သို့မဟုတ် တရားစွဲဆို ဆောင်ရွက်မှုတို့ကို ဆက်လက်ဆောင်ရွက်ခြင်း သို့မဟုတ် စတင်စွဲဆိုခြင်းမပြုလုပ်ရ။

**ဆက်လက်ဖော်ပြပါမည်။**

# ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် မြစ်ကြမ်းပြင်ရှိတစုန်းများကို ဖေဖော်ဝါရီလအတွင်း စတင်နုတ်ယူသွားမည်



**မုံရွာ ဇန်နဝါရီ ၉**
ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်တွင် အမှတ်(၂)တစုန်းနုတ်ရေယာဉ် (တနရ-၂) ဖြင့် တစုန်းနုတ်ခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီလအတွင်း စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ချင်းတွင်းမြစ်သည် မိုးရာသီရေတက်ချိန်များတွင် ချင်းတွင်းမြစ်အတွင်းသို့ စီးဝင်လျက်ရှိသော တောင်ကျချောင်းများမှ ရေစီးနှင့်အတူမျောပါလာသော သစ်ပင်များ ချင်းတွင်းမြစ်အတွင်းမျောပါရောက်ရှိကာ ရေစီးလျော့နည်းချိန်မြစ်ကြမ်းပြင်တွင် ငုတ်များအဖြစ် တင်ကျန်ခဲ့သောတစုန်းများ မြစ်ရေနည်းပါးချိန်များတွင် မြစ်အတွင်းသွားလာသော ရေယာဉ်များကို ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်နိုင်သဖြင့် နှစ်စဉ်နွေရာသီတွင် တစုန်းနုတ်ယူခြင်းလုပ်ငန်းကို လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ချင်းတွင်းမြစ်ရေက အခုအချိန်အထိ မုံရွာမြို့ရဲ့ သတ်မှတ် ရေစစ်မျဉ်းအထက်မှာပဲရှိသေးတယ်၊ ပုံမှန်ဆိုရင် တစုန်းက ဇန်နဝါရီလမှာ နုတ်ဖို့လုပ်ထားတာ၊ အခုရေမှတ်က မုံရွာမှာတင် ၂၂၀ စင်တီမီတာအထိ ကျန်နေတဲ့အတွက် တစုန်းတွေကမပေါ်သေးဘူး၊ ဒါကြောင့် ဖေဖော်ဝါရီလဆန်းပိုင်းမှာ မုံရွာကနေ ဟုမ္မလင်းအထိ နုတ်သွားမှာပါ၊ အခုနှစ်က မိုးနောက်ကျတဲ့အတွက် ခါတိုင်းနှစ်ထက် တစ်လနောက်ဆုတ်ပြီးနုတ်ရမှာပါ၊ ချင်းတွင်းမြစ်ရိုးတစ်လျှောက်မှာရှိတဲ့ တစုန်းတွေကို ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လအတွင်းမှာ မုံရွာ-ကလေးဝ၊ ကလေးဝ-ဖောင်းပြင်၊ ဖောင်းပြင်-ဟုမ္မလင်းဆိုပြီး အပိုင်းသုံးပိုင်းခွဲပြီး နုတ်တယ်၊ အခုနှစ်မှာတော့ ရေတိုးရေကျနဲ့ချိန်ဆလို့ရအောင်လို့ မုံရွာ-မော်လိုက်နဲ့ မော်လိုက်-ဟုမ္မလင်းအထိ နှစ်ပိုင်းပဲခွဲပြီးတော့ နုတ်သွားမှာပါ၊ ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်မှာ တစုန်းအများဆုံးရှိတဲ့နေရာက မော်လိုက်မြို့အောက်ဘက်ရှိ ကိုးတန်ချောင်းကွေ့တစ်လျှောက်မှာ တစုန်းအများဆုံး တင်ကျန်တယ်၊ တချို့နေရာတွေမှာ ရေစီးအရှိန်နဲ့ လိမ့်ပြီးအောက်မှာ ပြင်ညီဖြစ်သွားပြီး သူ့ရဲ့အပေါ်မှာ သဲသောင်ခုံတွေဖြစ်တယ်၊ အဲဒီအပေါ်က ရေကဖြတ်စီးတဲ့အတွက် စက်လှေတွေကို မထိခိုက်တာတွေလည်းရှိတယ်၊ တစုန်းတွေက မြစ်ကြမ်းပြင်မှာ အငုတ်အဖြစ်ရှိနေပြီးနွေရာသီရေနည်းချိန်မှာ မြစ်အတွင်းသွားလာကြတဲ့ ရေယာဉ်တွေရဲ့ ဝမ်းဗိုက်တွေကိုထိုးမိပြီးသံခွန်တွေဆိုပေါက်တယ်၊ သစ်ကိုယ်ထည်ဆိုရင်ကွဲပြီး နစ်မြုပ်မှုတွေ ဖြစ်တတ်တယ်" ဟု တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရေလမ်းသတ်မှတ်ရေး) မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ထွန်းက ပြောသည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း ဟုမ္မလင်းမြို့မှ မုံရွာမြို့အထိ တစုန်း ၃၅ ခု အလေးချိန် ၅၅ တန်အားလည်းကောင်း၊ ၂၀၁၇ ခုနှစ်အတွင်း ဟုမ္မလင်းမြို့မှ မုံရွာမြို့နယ်အထိ ရေမိုင် ၃၂၇ အတွင်း တစုန်း ၃၅ ခုအားလည်းကောင်း၊ ၂၀၁၈ ခုနှစ်အတွင်းတစုန်း ၃၅ ခုအား နုတ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းဦး(ဧယျာတိုင်း)**

# ကျေးလက်သောက်သုံးရေရရှိရေး ပြင်ဆင်ပြီးစီးမှု ကွင်းဆင်းကြည့်ရှု

**မြစ်ကြီးနား ဇန်နဝါရီ ၉**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးသွားသည့် ကျေးလက်သောက်သုံးရေရရှိရေးလုပ်ငန်းများ ပြင်ဆင်ပြီးစီးမှုအခြေအနေအား ဇန်နဝါရီ ၉ရက် နံနက် ၈နာရီက မြစ်ကြီးနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးအောင်မျိုးလွင်နှင့် တာဝန်ရှိသူများက အကျဲကျေးရွာ၊ လွယ်ခေါကျေးရွာနှင့် မလိခကျေးရွာတို့သို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ရာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးဝင်းတင့်နှင့် ဌာနတွင်းဝန်ထမ်းများက လိုက်လံရှင်းလင်းပြသခဲ့သည်။

အဆိုပါ ကျေးလက်သောက်သုံးရေသန့်ရရှိမှု လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဝင်းတင့်က "မြစ်ကြီးနားမြို့နယ်အတွင်းမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မွမ်းမံရန်ပုံငွေနဲ့ ကျေးလက်သောက်သုံးရေသန့်ရရှိရေး လုပ်ငန်းဆောင်ရွက်ခဲ့ရာမှာ အကျဲကျေးရွာလက်တူးတွင်း သုံးတွင်းကို မွမ်းမံပြင်ဆင်ခဲ့ပြီး ပြင်ဆင်ခဲ့ရတဲ့လက်တူးတွင်းတွေက တွင်းနံရံတွေပြိုကျလို့ ရေထွက်ပေါက်ပိတ်ကာ ပျက်စီးဆုံးရှုံးတော့မယ့် ရေတွင်းတွေကို နံ့နှစ်များ ဆယ်ယူခြင်း၊ ရေတွင်းခွေချခြင်း၊ အပေါ်ခုံသမံတလင်းခင်းခြင်း စတဲ့လုပ်ငန်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ အလားတူ လွယ်ခေါကျေးရွာနဲ့ မလိခကျေးရွာမှာရှိတဲ့ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းတွေကိုလည်း ရေပိုက်လိုင်းအသစ်များ တိုးချဲ့တပ်ဆင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်" ဟု ရှင်းလင်းပြောကြားသည်။

အကျဲကျေးရွာတွင် လက်တူးတွင်း သုံးတွင်း မွမ်းမံပြင်ဆင်ပေးခြင်းဖြင့် အိမ်ထောင်စု ၁၂၉ စုရှိ လူဦးရေ ၆၃၂ ဦး၊ လွယ်ခေါကျေးရွာနှင့် မလိခကျေးရွာတို့တွင် စိမ့်စမ်းရေသွယ်လုပ်ငန်းမှ ရေပိုက်လိုင်းအသစ် သွယ်တန်းပေးခြင်းဖြင့် အိမ်ထောင်စု ၇၂ စုမှ လူဦးရေ ၃၄၅ ဦးတို့အတွက် သောက်သုံးရေသန့်များ ၂၄ နာရီပတ်လုံး ဖူလုံစွာ သုံးစွဲသွားနိုင်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဌာနမှူးထံမှ သိရသည်။

**သူရိန်စိုး (ကချင်မြေ)**

# မြောက်နဝင်းဆည် နွေစပါးစိုက်ပျိုးရေပေးဝေမှု တောင်သူအကျိုးဦးစားပေးဆောင်ရွက်နေ

**ပြည် ဇန်နဝါရီ ၉**
ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်ခရိုင် ပြည်မြို့နယ်အတွင်းရှိ မြောက်နဝင်း ဆည်ရေသောက်စနစ် အဆင့်မြှင့်တင် ပြုပြင်ခြင်းလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေ အသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် (JICA-ODA- LOAN) ရန်ပုံငွေဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြောက်နဝင်း ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်း လုပ်ငန်းအား ပြည်မြို့ဆည်/ရေ ဦးစီးဌာန၊ တည်ဆောက်ရေး(၂) လက်ထောက်ညွှန်ကြားရေးမှူး(၁) ရုံးမှ တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

မြောက်နဝင်း ဆည်ရေသောက်ဧရိယာ အတွင်းရှိ ပြည်မြို့နယ်နှင့် ပေါက်ခေါင်းမြို့နယ်တို့၏ ကျေးရွာအုပ်စုပေါင်း ၄၇ အုပ်စုမှာ ယခုနှစ်၂၀၁၇-၂၀၁၈ မိုးစပါးစိုက်ပျိုးဧရိယာအား အောင်မြင်ဖြစ်ထွန်းသည်အထိ မြောက်နဝင်းဆည်မှ ပျိုးထောင်ရေနှင့် အောက်ရေ ပေးဝေနိုင်ခဲ့ကြောင်း သိရသည်။

ယခုနွေရာသီတွင်လည်း တောင်သူအများစုက နွေစပါးစိုက်ပျိုးရန် မြောက်နဝင်း ဆည်ရေသောက်စနစ် အဆင့်မြှင့်တင် ပြုပြင်ခြင်းလုပ်ငန်း ပြီးစီးခဲ့သော မြောင်းများမှာ အပိုင်းလိုက် နွေစပါး ရေပေးဝေနိုင်ရန် ဌာနမှ တာဝန်ခံများ၊ အုပ်ချုပ်ရေးမှူးများ၊ တောင်သူများ ပူးပေါင်းကွင်းဆင်း စစ်ဆေးခြင်းများကို နိုဝင်ဘာလအတွင်း အပြီးသတ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြပြီး လက်ယာမြောင်းဘက်တွင် ယာလက်တံ(၁၃)အထိနှင့် လက်ဝဲမြောင်းဘက်တွင် ဝဲလက်တံ (၁၈)အထိ နွေစပါးဧက ၁၈၀၀၀ ကျော်အား ရေပေးဝေနိုင်ရန်လျာထား ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ပြီးခဲ့သည့် ဒီဇင်ဘာ ၁၅ ရက်မှ စတင်ကာ ဆည်မှ နွေစပါးရေပေးဝေလျက်ရှိပြီး တောင်သူများဘက်မှလည်း လိုအပ်သည်များကို တင်ပြဆွေးနွေးခြင်း၊ ဌာနဘက်မှလည်း တောင်သူများအား လယ်ကြားမြောင်းများတူးဖော်ရန်၊ ရေအလေအလွင့်နည်းပါးရန်၊ ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်းပြီး တောင်သူအချင်းချင်း ညှိနှိုင်းဆွေးနွေး၍ စနစ်တကျ ရေယူစိုက်ပျိုးကြရန် ပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကြေးမုံ**





# စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း(GAP) နှင့် စားသုံးသူကာကွယ်ပေးရေး အသိပညာပေး ဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၉**
ရန်ကုန်တိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာန၊ သမဝါယမဦးစီးဌာနနှင့် နယ်စပ်ဒေသနှင့် စည်ပင်သာယာရေး ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ဟင်းသီး၊ ဟင်းရွက်စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)နှင့် စားသုံးသူကာကွယ်ရေး အသိပညာပေး ဆွေးနွေးပွဲကို ဇန်နဝါရီ ၅ ရက်က ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ညောင်နှစ်ပင်စိုက်ကွင်းတွင် ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်ကျော်က စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ လိုက်နာဆောင်ရွက်ရမည့် နည်းစနစ်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူကာကွယ်ရေးဆိုင်ရာများ အသိပညာပေးဆွေးနွေးခြင်း၊ သမဝါယမ ဦးစီးဌာနမှ စိုက်ပျိုးထုတ်လုပ်သူများ သမဝါယမအသင်း ဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးသည်။ ထို့နောက် စိမ်းလန်းစိုက်ပျိုးထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး သမဝါယမလီမိတက်မှ တာဝန်ရှိသူတစ်ဦးက နိုင်ငံခြားသို့ အောင်မြင်စွာ တင်ပို့နေသည့် ဟင်းသီးဟင်းရွက်များ အခြေအနေကို ရှင်းလင်းတင်ပြရာ တက်ရောက်လာသည့် တောင်သူများက သိလိုသည်များမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အသိပညာပေး ဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်ကျော်၊ စားသုံးသူရေးရာ ဦးစီးဌာန(မြောက်ပိုင်းခရိုင်)မှ ဦးစီးအရာရှိ ဒေါ်ထားထားလှိုင်၊ သမဝါယမ ဦးစီးဌာန၊ နယ်စပ်ဒေသနှင့်စည်ပင်သာယာရေး ဦးစီးဌာနနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူးဦးစိုးခိုင်၊ မြို့နယ်မှ တာဝန်ရှိသူများ၊ စိမ်းလန်းစိုက်ပျိုးထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး သမဝါယမလီမိတက်မှ တာဝန်ရှိသူများနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများတက်ရောက်ခဲ့ကြသည်။ **ဇာဏီ**

# တောင်ငူနည်းပညာတက္ကသိုလ်တွင် မူးခင်းအသိပညာပေး

**တောင်ငူ ဇန်နဝါရီ ၉**
မူးခင်းများလျော့ကျစေရေး၊ လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးအန္တရာယ်များကို လူငယ်ထုအတွင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် ရည်ရွယ်၍ မူးခင်းအသိပညာ ပေးဟောပြောပွဲကို ဇန်နဝါရီ ၈ ရက် နံနက် ၁၁ နာရီက တောင်ငူမြို့နယ် ကေတုမတီမြို့ သဇင်ငယ်ရပ်ကွက်ရှိ နည်းပညာတက္ကသိုလ်၌ ကျင်းပသည်။

အမှတ် (၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (တောင်ငူ)မှ ဒုရဲမှူး မိုးဇော်သိန်းက လူကုန်ကူးမှုဖြစ်ပေါ်လာပုံသမိုင်းကြောင်းနှင့် နည်းလမ်းမျိုးစုံအသုံးပြု၍ လူကုန်ကူးမှုများ ကျူးလွန်ပုံနှင့် ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း၊ ကေတုမတီမြို့နယ်မြေရဲစခန်းမှူး ရဲအုပ်အောင်လင်းက လူငယ်ထုအတွင်း အန္တရာယ်များသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအကြောင်းနှင့် ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း၊ အမှတ် (၁၂) ယာဉ်ထိန်းတပ်ဖွဲ့စု(တောင်ငူ)မှ ရဲအုပ်မျိုးညွန့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရေးနှင့် ယာဉ်အန္တရာယ်ဖြစ်ပွားမှု ကျဆင်းစေရေးအတွက် လက်တွေ့ လိုက်နာရမည့် ဥပဒေများကို POWER POINT များဖြင့်ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများ၏သိရှိလိုသော မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားခဲ့ကြောင်းသိရသည်။

အဆိုပါ မူးခင်းအသိ ပညာပေးဟောပြောပွဲသို့ နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး ဒေါက်တာမောင်မောင်လတ်နှင့် ဆရာ၊ ဆရာမ ၁၀၀ ကျော်၊ ကျောင်းသား၊ ကျောင်းသူ ၁၀၀၀ ကျော်တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ယုဇနဥယျာဉ်မြို့တော် စာကြည့်တိုက်၌ စာပေဟောပြောပွဲကျင်းပ

**ဒဂုံမြို့သစ်(ဆိပ်ကမ်း) ဇန်နဝါရီ ၉**
ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၉၄)ရပ်ကွက် ယုဇနဥယျာဉ်မြို့တော် အေ (၉) လမ်း၌ စိတ်ကူးသစ်စာကြည့်တိုက်မှ ကြီးမှူးကျင်းပသည့် စာကြည့်တိုက်ဖွင့်လှစ်ခြင်း (၃) နှစ်ပြည့် အထိမ်းအမှတ် ပထမအကြိမ်စာပေဟောပြောပွဲကို ဇန်နဝါရီ ၈ ရက် ည ၈ နာရီကကျင်းပရာ ယုဇနဥယျာဉ်မြို့တော်နေ စာပေတန်ဖိုးထားသူ၊ စာပေချစ်မြတ်နိုးသူ ဒေသခံပြည်သူ ၂၀၀ တက်ရောက်ကြသည်။

စာကြည့်တိုက်မှူး ဦးအောင်ကြီးလှိုင်နှင့် စာကြည့်တိုက်အတွင်းရေးမှူး ဦးမျိုးညွန့်ခင်တို့က အမှာစကားပြောကြားသည်။ ယင်းနောက် ကာတွန်းဆရာ အော်ပီကျယ်က မြန်မာပြည်တွင် ထုတ်လုပ်သည် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာချစ်ဦးညိုက ဘိသိက်ပြိုင်ခေါင်းစဉ်ဖြင့်လည်းကောင်း စာပေနှင့်ပတ်သက်၍ အသိပညာဗဟုသုတများ သိရှိရရှိစေရန် ဟောပြောကြောင်းသိရသည်။

**၅၁၂**




**မင်းလှ ဇန်နဝါရီ ၉**
ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် စိန်ကန့်လန့်ကျေးရွာအနီးရှိ မုက္ခာရေတံခွန် ဆင်စခန်းသည် မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း ကားလမ်း မိုင်တိုင် အမှတ် (၈/၆) မုက္ခာဆည် ရေတံခွန်အနီးတွင် တည်ရှိပြီး မြန်မာ့သစ်လုပ်ငန်းမှ ဆင် ၁၂ ကောင်ဖြင့် သရုပ်ပြမှုများ ကြည့်ရှုလေ့လာနိုင်ခြင်း၊ ဆင်စီး၍ သဘာဝတောတောင်ရှုခင်းအလှများ ကြည့်ရှုလေ့လာနိုင်ခြင်း၊ ဆင်စာကျွေးခြင်း၊ ဆင်ရေချိုးခြင်း၊ မုက္ခာရေတံခွန်၌ အပန်းဖြေခြင်းများ ဆောင်ရွက်နိုင်ကြောင်း သိရပြီး ဝင်ကြေးအဖြစ် တစ်ဦးလျှင် ပြည်တွင်း ကျပ် ၅၀၀၊ ပြည်ပ ကျပ် ၂၀၀၀ နှင့် ဆင်စီးခတစ်ဦးလျှင် ပြည်တွင်း ကျပ် ၂၀၀၀၊ ပြည်ပ ကျပ် ၂၀၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

**ကြေးမုံ**

# လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

**ဝေါ ဇန်နဝါရီ ၉**
ဝေါမြို့နယ် ညောင်ခါးရှည်နယ်မြေရဲစခန်းအပိုင် အခြေခံပညာအထက်တန်းကျောင်း၌ ဇန်နဝါရီ ၈ ရက် မွန်းလွဲ ၁ နာရီက လူကုန်ကူးမှုတားဆီးကာကွယ်ရေး ပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

ဝေါမြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးအေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး အမှတ် (၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (ပဲခူး) ရဲအုပ်အောင်ကျော်သူက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာများကိုလည်းကောင်း၊ ညောင်ခါးရှည်နယ်မြေရဲစခန်းမှူး ရဲအုပ်တင်ထွန်းအောင်က မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကိုလည်းကောင်း အသိပညာပေးဟောပြောကြပြီး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲအား အမှတ် (၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (ပဲခူး)နှင့် ဝေါမြို့နယ်ရဲတပ်ဖွဲ့တို့ပူးပေါင်းကာ ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ မူးခင်းဆိုင်ရာအသိပညာများရရှိစေရန် ဆောင်ရွက်ခြင်းဖြစ်ပြီး ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများစုစုပေါင်း ၆၅၀ ခန့်တက်ရောက်ကြကြောင်းသိရသည်။

**တင်စိုး(ပဲခူး)**

# အရန်မီးသတ်တပ်ဖွဲ့များ လေ့ကျင့်ရေး မွမ်းမံသင်တန်း ဖွင့်ပွဲကျင်းပ

**ကလိန်အောင် ဇန်နဝါရီ ၉**
တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၈ ရက် နံနက် ၈ နာရီ ၄၅ မိနစ်က ကလိန်အောင်မြို့ မီးသတ်ဦးစီးဌာနမှ အရန်မီးသတ်တပ်ဖွဲ့များ လေ့ကျင့်ရေးမွမ်းမံသင်တန်း (၁/၂၀၁၈) ဖွင့်ပွဲကျင်းပကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ကလိန်အောင်မြို့ အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်က အမှာစကားပြောကြားရာတွင် ပြည်သူများ မီးဘေးအန္တရာယ် သတိရှိစေရန်အတွက် တစ်လကို တစ်ကြိမ်၊ နှစ်ကြိမ်ဖြင့် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ မီးဘေးအန္တရာယ် လှုံ့ဆော်ဆောင်ရွက်ပေးစေလိုပါကြောင်းနှင့် သင်တန်းသားများအနေအဖြင့် သင်တန်းကာလကို ပြီးဆုံးသည်အထိ တက်ရောက်စေလိုကြောင်း ပြောကြားသည်။

အရန်မီးသတ်တပ်ဖွဲ့များ လေ့ကျင့်ရေးမွမ်းမံ သင်တန်းကို ကလိန်အောင်မြို့မီးသတ်ဦးစီးဌာနမှ သင်တန်းနည်းပြဆရာနှစ်ဦးက စစ်ရေးပြဘာသာရပ်၊ မီးသတ်ပညာဘာသာရပ်တို့ကို သင်ကြားပို့ချမည်ဖြစ်ပြီး ကလိန်အောင်မြို့အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ အမှတ် (၄) ဂုပ်ကွက်၊ နှမ်းကြဲ၊ ရေပုံး၊ဟိန္ဓဲ၊ ကျောက်ရှပ်၊ ကရင်ရှင်တဘီ၊ မြန်မာရှင်တဘီစသည့် ကျေးရွာ ၁၁ ရွာမှ သင်တန်းသား ၅၀ တက်ရောက် သင်ကြားလေ့လာကြမည်ဖြစ်ကာ သင်တန်းကာလမှာ ခုနစ်ရက်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ကလိန်အောင်မြို့ အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်၊ ရဲစခန်းမှူး ရဲအုပ် တင်ကိုကို၊ မြို့စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံ ဦးသွင်စည်သူကျော်ထွေး၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးစောမင်းနောင်၊ ရေဖြူမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးညိုမောင်၊ ကလိန်အောင်မြို့ မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးသန်းလင်းအောင်နှင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသောသူများ စုစုပေါင်း ၇၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

**ကလိန်အောင်(ပြန်/ဆက်)**

# မူးခင်းပညာပေးယာဉ်ဖြင့် မူးခင်းကြိုတင်တားဆီးကာကွယ်ရေး ပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ

**အုတ်ဖို ဇန်နဝါရီ ၉**
ပဲခူးတိုင်းဒေသကြီးရှိ ကျောင်းသား၊ ကျောင်းသူများအား မူးခင်းကြိုတင်ကာကွယ်တားဆီးရေးဆိုင်ရာ အသိပညာဗဟုသုတများရရှိစေရန် ဇန်နဝါရီ ၈ ရက်နံနက်ပိုင်းက အ-ထ-က (အုတ်ဖို)၌ မူးခင်းပညာပေးယာဉ်ဖြင့် ပညာပေးပြသခဲ့ကြောင်း သိရသည်။

အဆိုပါ ပညာပေးလုပ်ငန်းများဆောင်ရွက်ရာတွင် မူးခင်းကြိုတင်တားဆီးရေး၊ လူကုန်ကူးမှုပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ သက်ငယ်မုဒိမ်းမှုပပျောက်ရေးစသည့် အကြောင်းအရာများကို အုတ်ဖိုမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးဝင်းနိုင်နှင့် အုတ်ဖိုမြို့မရဲစခန်းမှူးဒုရဲမှူးအောင်တင်ရွှေတို့က ပညာပေးဟောပြောခဲ့ကြပြီး မူးခင်းကြိုတင်ကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း လမ်းအသိပညာပေး လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးရာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြသည်။

**၅၂၆**





လှိုင်သာယာမြို့နယ် ဖိုးရာဇာလမ်း အမှတ် (၇) ရပ်ကွက် ဝေဇယန္တာဓမ္မာရုံ၌ မြို့မရဲစခန်းမှူး ဒုရဲမှူးဝင်းနိုင်မှ ဇန်နဝါရီ ၈ ရက်က သင်ငယ်မုဒိမ်းမှု ပပျောက်ရေး မူးခင်းအသိပညာပေး ဆွေးနွေးဟောပြောနေစဉ်။
ကြေးမုံ

# စက်ရေတွင်းတူးဖော်မှု ကွင်းဆင်းကြည့်ရှု

**ပေါင်းတည် ဇန်နဝါရီ ၉**
ပြည်ခရိုင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နွေရာသီ သောက်သုံးရေရှားပါးမှုမှ ကာကွယ်နိုင်ရန်အတွက် ပေါင်းတည်မြို့နယ် ဆင်လူးကျေးရွာအုပ်စု ရွာလှကျေးရွာတွင် လေးလက်မ စက်ရေတွင်းတူးဖော်နေမှုအား ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါ ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**သူရအောင် (ပြည်)**

# တစ်ပတ်အတွင်း အားကစားသတင်း



မေလှဲ့သင်း - ရေးသားသည်

## ဒီတစ်ခါ ဇီဒန်း ခေါင်းမာလို့ မရတော့ပြီ

"ယခုအခိုက်အတန့်တော့ ကျွန်တော်တို့ ဘယ်သူ့ကိုမှ အလိုမရှိပါဘူး။ ဒါပေမယ့် ဇန်နဝါရီ ၃၁ ရက် ဘာတွေဖြစ်လာမလဲဆိုတာ ကျွန်တော်တို့ စောင့်ကြည့် ရပါလိမ့်မယ်။ အခုကာလမှာတော့ ဘယ်သူ့ကိုမှ အလိုမရှိသေး ပါဘူး" ဒီစကားကို ပြောကြားခဲ့သူက ရီးယဲလ်ရဲ့ပွဲကိုင်ရှင် ဇီဒန်း။

ကစားသမားဘဝမှာ အောင်မြင်မှုက အထွတ်အထိပ်၊ နည်းပြဘဝမှာလည်း နှစ်နှစ်အတွင်း ဖလားရှစ်လုံးရယူပြခဲ့သူ ဇီဒန်းဟာ ဒီနေ့ဒီအချိန်မှာတော့ ဖိအားတွေအောက် လုံးလုံးလျားလျား ကျရောက်သွားခဲ့ပါပြီ။ ရီးယဲလ်မက်ဒရစ်ဟာ ပြီးခဲ့တဲ့ ဇန်နဝါရီ ၇ ရက်က ယှဉ်ပြိုင်ခဲ့တဲ့ပွဲစဉ်မှာ ဆယ်လ်တာဗီဂိုနဲ့ သရေကျခဲ့တာကြောင့် ဦးဆောင်သူ ဘာစီလိုနာအောက် ၁၆ မှတ်လျော့သွားခဲ့ခြင်းနဲ့ အတူ ပြုပြင်ပြောင်းလဲရေးဆီကို ဦးတည်ဖို့ တပ်လှန့်သံတွေ ကျယ်ကျယ်လောင်လောင် မြည်ဟည်းလာတာဖြစ်ပါတယ်။

ဇီဒန်းဆိုတာ ရီးယဲလ်အသင်းမှာ ၂၀၀၁ ခုနှစ်ကနေ ၂၀၀၆ ခုနှစ်အထိ ကစားခဲ့ပြီး ရီးယဲလ်ရဲ့ ထာဝရ အကောင်းဆုံး ကစားသမားတွေထဲက တစ်ဦးလို့ အသိအမှတ်ပြုခံထားရသူဖြစ်သလို ရီးယဲလ်ကို ဦးဆောင်ခွင့်ရထားချိန်မှာလည်း မှတ်တမ်းသစ်တွေ ရေးထိုးပြီး လုပ်သမျှ အရာထင်ခဲ့သူပါ။ ဒီနှစ် ဘောလုံးရာသီမှာတော့ ရလဒ်တွေ တောက်လျှောက်ကျဆင်းကာ လာလီဂါမှာလည်း အမှတ်ပေးဇယား စတုတ္ထနေရာအထိ ရောက်ရှိနေသလို ချန်ပီယံလိဂ်ပြိုင်ပွဲမှာလည်း အရင်ကလို အားကောင်းမောင်းသန် အနေအထား မရှိတော့ပါဘူး။

